# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၉၇)၊ ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်၊ ၂၃–၆–၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E.Mr.Indra Mani Pandey ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ညွှန့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်းမ်စတက် အတွင်းရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ❑



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E.Mr.Indra Mani Pandey အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## တွန်းဇံမြို့နယ်၌ အခြေခံပညာကျောင်း ၄၃ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၃၀၆၀ တက်ရောက်



တွန်းဇံမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

**ဟားခါး ဇွန် ၂၂**

တပ်မတော်က အလုံးစုံပြန်လည်ထိန်းချုပ်ခဲ့သည့် ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံးစီမံဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် တာဝန်ရှိသူများ ပါဝင်သည့် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အနေဖြင့် ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၈ ရက်တွင် ခေတ္တတိမ်းရှောင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ တွန်းဇံမြို့သို့ ပြန်လည်ဝင်ရောက်ခဲ့ကြပြီး ဇွန် ၂၂ ရက်တွင် မြို့ပေါ်ရှိ အခြေခံပညာကျောင်း လေးကျောင်းအပါအဝင် စုစုပေါင်း ၄၃ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၃၀၆၀ တက်ရောက်လျက်ရှိသည်။

**တက်ရောက်လျက်ရှိ**

အလားတူ ဇွန် ၂၂ ရက်အထိ ဖလမ်းမြို့နယ်တွင် အခြေခံပညာကျောင်း ၈၈ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၁၀၅၁ ဦး၊ တီးတိန်မြို့နယ်တွင် အခြေခံပညာကျောင်း ၁၀၉ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၁၂၀၁၂ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၂**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ အခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ် ၊ ဇွန် ၂၃ ရက် ၊ အင်္ဂါနေ့။

မန္တလေး

# ခရီးသွားခြင်းသည် ဗဟုသုတပဒေသာပင် စိုက်ပျိုးခြင်းဖြစ်

ခရီးသွားခြင်းသည် စိတ်အာရုံကို လန်းဆန်းစေသည်။ ကိုယ်ကျန်းမာတော့ စိတ်ရွှင်လန်းပြီး ကိုယ်နှုဆိုသကဲ့သို့ ညည်းငွေ့ခြင်း၊ ပျင်းရိခြင်း၊ ထုံထိုင်းခြင်းတို့ ကင်းစင်ကာ အေးမြကြည်လင်သော အထိအတွေ့ကိုရရှိမည်ဖြစ်သည်။ လူတိုင်းတွင် ကိုယ်ခန္ဓာအတွက် စိတ်ကြည်လင်ခြင်းသည် ကျန်းမာမှုဆုကို ပေးစွမ်းနိုင်ပါသည်။ ထို့ကြောင့်ပင် တစ်နွယ်ငင် တစ်စင်ပါဖြစ်သော အာရုံသစ်ကို ဖြစ်ထွန်းစေပါသည်။ ခရီးထွက်ခြင်းကြောင့် မိမိရှေ့မှောက်သို့ရောက်ရှိလာသော အရာဟူသမျှသည် အသစ်အဆန်းများနှင့် ကြုံတွေ့ရတော့သည်။ အာရုံသစ်တို့ကို ဖန်တီးပုံဖော်ပေးလျက်ရှိသည်။ ခရီးထွက်ခြင်းကြောင့် မိတ်ဆွေသစ်များ တိုးပွားလာစေသည်။ ဒေသန္တရ ဗဟုသုတတို့လည်း တိုးပွားလာသည်။

ထို့ပြင် ခရီးသွားခြင်းသည် ဗဟုသုတပဒေသာပင် စိုက်ပျိုးခြင်းပင်ဖြစ်သည်။ ခရီးသွားလာခြင်းမှ ပေါက်ဖွားလာသော အကျိုးသက်ရောက်မှုများသည် မိုးကောင်းကင်တမျှ များပြားလှသည်။ ခရီးသွားခြင်းအမျိုးမျိုးရှိသည်။ ရည်ရွယ်ချက်ဖြင့်သွားခြင်း၊ ရည်ရွယ်ချက်မရှိဘဲသွားခြင်း၊ မိမိတိုင်းပြည်အတွင်းလည်ပတ်ခြင်း၊ ပြည်ပနိုင်ငံသို့ခရီးထွက်ခြင်း၊ ဒေသန္တရဗဟုသုတ ရှာဖွေဖို့ ခရီးသွားခြင်းတို့ပါဝင်ပြီး မည်သည့်ခရီးသွားခြင်းမဆို အထွေထွေဗဟုသုတကို ရရှိစေမှာဖြစ်သည်။ ရည်ရွယ်ချက်မရှိဘဲ အပျင်းအပြေခရီးသွားခြင်းသည်ပင် ထိုခရီးအတွက် ထူးကဲသောအကျိုးကိုခံစားရမှာဖြစ်သည်။ခရီးသွားခြင်းအတွက် ခဏတဖြုတ် အလည်အပတ် ဖြတ်သန်းသွားခြင်းပင်လျှင် တန်ဖိုးရှိလှသည်။ ရည်ရွယ်ချက်ဖြင့်သွားလာသည့် ခရီးသွားခြင်းမှာမူကား ခရီး၏ အကျိုးကျေးဇူးများက များပြားနေမည်ဖြစ်သည်။ လောကတွင် စူးစမ်းလေ့လာသူတို့အတွက် အရာရာဖြစ်ထွန်းစေသည်။ ထို့ကြောင့် ခရီးသွားပါ၊ ခရီးဆက်ပါ။ လောကအမြင် ဘဝအမြင်တွေ ကျယ်ပြောပါမှ ကမ္ဘာ့ရွာတွင် နေထိုင်ရမှုမှာ တန်ရာကျမည်ဖြစ်သည်။ သွားဖန်များ ခရီးရောက်၊ ကိုယ့်လမ်းကိုယ်ဖောက်လည်း ဆိုရိုးရှိပါသည်။ အမြင်ကျဉ်းခဲ့လျှင် မမြင်ဘူး မူးမြစ်ထင် ဆိုသောစကားသည် ဒေသန္တရဗဟုသုတ ခေါင်းပါးသူတို့အတွက် သတိပေးစကားပုံသာဖြစ်သည်။ လူသည် အမြင်ကျယ်နိုင်ပါမှ တော်ကာကျမည်ဖြစ်သည်။ အမြင်ကျယ်ဖို့ခရီးသွားခြင်းဖြင့် ဖော်ဆောင်ရမည်ဖြစ်သည်။

ခရီးသွားလာခြင်း ဆိုရာ၌ ပြည်တွင်းခရီးစဉ်များအပြင်ပြည်ပခရီးစဉ်များကို သွားလာမည်ဆိုပါက ပြည်ပနိုင်ငံများ၏ ရိုးရာဓလေ့၊ လူနေမှုအဆင့်အတန်း၊ ပညာရေး၊ စီးပွားရေး၊ ခရီးသွားဝန်ဆောင်မှုအစရှိသည်တို့ကို သိရှိနိုင်မည်ဖြစ်သောကြောင့် ပြည်ပခရီးသည်လည်း အတွေ့အကြုံများ ရရှိခံစားရမည်ဖြစ်သည်။

သို့ဖြစ်ရာ ခရီးသွားလာခြင်းသည် ဗဟုသုတပဒေသာပင် စိုက်ပျိုးခြင်းကို ရရှိခံစားရမည်ဖြစ်သည်။ ခရီးသွားခြင်း၏ အကျိုးကျေးဇူး အနှစ်သာရသည် ဗလငါးတန်လူတို့၏ အစစ်အမှန် ဉာဏ်ဗလငါးတန်မှာ ကျန်းမာခြင်း၊ ပညာရေး၊ စီးပွားရေး၊ ကိုယ်ကျင့်တရားနှင့် ပေါင်းသင်းဆက်ဆံရေးတည်းဟူသော ငါးပါးကိုအလိုအလျောက် ဖြည့်ပေးနိုင်သည့် အနှစ်သာရပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## "ကျန်းမာရေးအဆင့်မြင့်ကျောင်းများ ထူထောင်စို့" မြို့နယ်အဆင့် ဆင့်ပွားသင်တန်း ပြုလုပ်

**မြင်းခြံ ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် "ကျန်းမာရေး အဆင့်မြင့်ကျောင်းများ ထူထောင်စို့" မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ယနေ့နံနက် ၉ နာရီက ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဇင်မာသန်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်နီနီဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် ကျောင်းကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယပညာရေးမှူး ဦးသန်းထွန်းက ကျောင်းကျန်းမာရေးအဆင့်မြင့် ကျောင်းလုပ်ငန်းများ ဆန်းစစ်မှုပုံစံများနှင့် သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းနည်းပြများက ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းများထူထောင်စို့ ဆင့်ပွားသင်တန်းကို သင်ကြားပို့ချခဲ့သည်။

အဆိုပါ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၉၀ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

(၃၆၆)

၀-၀-၀-၀-၀

၀-၀-၀

## သီးနှံစိုက်ပျိုးရေးတောင်သူအစုအဖွဲ့များနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနား ကျင်းပ

**ပင်းတယ ဇွန် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ရုံးအစည်းအဝေးခန်းမ(၁)တွင် ဓနုဒေသ နှစ်တို၊ နှစ်ရှည်၊ ရာသီသီးနှံစိုက်ပျိုးတောင်သူ အစုအဖွဲ့များနှင့်မွေးမြူရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ဇွန် ၁၉ရက် နံနက် ၁၀ နာရီအချိန်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားခဲ့ပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန့်ဇော်ထွေးက မွေးမြူရေးလုပ်ငန်းရှင်များအား ကြက်၊ ဝက်၊ ကျွဲ၊ နွား တိရစ္ဆာန်များနှင့် သက်ဆိုင်သော မွေးမြူရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပေးခြင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ညွှန့်မှ နှစ်တို၊ နှစ်ရှည်၊ ရာသီသီးနှံများ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်အကြောင်းအရာများကို ရှင်းလင်းတင်ပြပေးခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက်တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဓနုဒေသ ပင်းတယမြို့နယ်နှင့်ရွာငံမြို့နယ်တို့မှ စိုက်ပျိုးတောင်သူ အစုအဖွဲ့ဦးဆောင်သူများနှင့်မွေးမြူရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို တင်ပြဆွေးနွေးခဲ့ကြရာ သက်ဆိုင်ရာဌာနတာဝန်ရှိသူများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားပေးခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(၃၆၈)

၀-၀-၀-၀-၀

၀-၀-၀

## အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

**ပုသိမ်ကြီး ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ယနေ့နံနက် ၁၀ နာရီက ကျောင်းသားလူငယ်များ၊ အသိပညာဗဟုသုတ ရရှိစေရန် ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် ပြိုင်ပွဲများကို ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက အမှတ်(၂၄) အခြေခံပညာမူလတန်းလွန် ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ကလေးအလုပ်သမား ပပျောက်ရေးအကြောင်းတို့အား အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် စာအုပ်စာစောင်နှင့် နံရံကပ်ပိုစတာများကို ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား ကြည့်ရှုကြသည်။

ဆက်လက်၍ ပုံပြော၊ ကဗျာရွတ်၊ ကျပန်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စာဖတ်ဝိုင်း၊ စာစီစာကုံး၊ ပန်းချီ ပြိုင်ပွဲတို့အား ကျင်းပခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ခဲ့ကြောင်း သိရသည်။ **ရွှေရန်ကင်း**

## တရုတ်လုပ်ငန်းရှင်များ B2B စနစ်ဖြင့် မြန်မာ့ပြောင်းဖူးကို ကာလရှည် ဝယ်ယူလို

**မန္တလေး ဇွန် ၂၂**

တရုတ်နိုင်ငံရှိ လုပ်ငန်းရှင်များက မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပြောင်းဖူးများကို B2B (Business to Business) စနစ်ဖြင့် ကာလရှည် ဝယ်ယူတင်သွင်းရန် စိတ်ဝင်စားမှုရှိနေကြောင်း ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

China Kunming ASEAN Association က မြန်မာနိုင်ငံမှ ပြောင်းဖူးများကို တရုတ်နိုင်ငံသို့ လစဉ် ကာလရှည် တင်သွင်းလိုကြောင်း ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးထံ ဆက်သွယ်အကြောင်းကြားခဲ့ခြင်းဖြစ်သည်။



ယင်းအသင်းအနေဖြင့် မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များနှင့် B2B စာချုပ်များ ချုပ်ဆိုကာ လစဉ်ပုံမှန် ဝယ်ယူတင်သွင်းလိုကြောင်းနှင့် လက်ရှိဈေးနှုန်းများကို သိရှိလိုကြောင်းလည်း အသိပေးထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ ပြောင်းစိုက်ပျိုးထုတ်လုပ်သူများနှင့် တင်ပို့သူများအနေဖြင့် အရည်အသွေးနှင့် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ပြောင်းဖူးများကို တင်ပို့ရောင်းချလိုပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်နိုင်ကြောင်း ကောင်စစ်ဝန်ချုပ်ရုံးက အသိပေးထားသည်။

မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း၏ ခန့်မှန်းချက်အရ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပဈေးကွက်များသို့ မြန်မာ့ပြောင်း တန်ချိန် ၁ ဒသမ ၃ သန်းကျော် တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့ပြောင်းဖူးများကို ထိုင်း၊ ဖိလစ်ပိုင်နှင့် အိန္ဒိယနိုင်ငံများသို့ အဓိကတင်ပို့လျက်ရှိပြီး တရုတ်ဈေးကွက်မှ ကာလရှည် ဝယ်လိုအား တိုးလာခြင်းသည် ပြောင်းစိုက်တောင်သူများနှင့် တင်ပို့ရောင်းချသူများအတွက် ဈေးကွက်အခွင့်အလမ်းသစ်တစ်ရပ် ဖြစ်လာနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

**ရွှေမန်း**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❒ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတက အဆွေတော်နှင့် ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် မြန်မာနိုင်ငံမှ ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်အဖွဲ့တွင် မူလ အဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘင်းမ်စတက် အဖွဲ့ကြီးကို စတင်ဖွဲ့စည်းခဲ့သည်မှာ လာမည့်နှစ်တွင် နှစ် ၃၀ ပြည့်မြောက်တော့မည် ဖြစ်ပြီး အဖွဲ့ကြီးကို ရည်ရွယ်ချက်ကောင်းများဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကာ အောင်မြင်မှု မှတ်တမ်းများလည်း များစွာရရှိခဲ့ပြီး ဖြစ်ကြောင်း၊ ဘင်းမ်စတက် အဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ ပူးပေါင်း ဆောင်ရွက်မှုများ ကောင်းမွန်သည့် အဖွဲ့ကြီးဖြစ်ကြောင်း၊ မိမိအနေဖြင့် သမ္မတအဖြစ် ရွေးကောက်ခံရချိန်တွင် အဆွေတော်အနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတစ်ခု ဖြစ်စေရေး အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား လက်ခံတွေ့ဆုံစဉ်။

ထို့နောက် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်က အဆွေတော် သမ္မတကြီးနှင့် ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်တို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် အဆွေတော် သမ္မတအဖြစ် ရွေးကောက်ခံရမှု အပေါ်တွင်လည်း မိမိအနေဖြင့် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ အဆွေတော် ဦးဆောင်သည့် အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် များစွာ ဆောင်ရွက် သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန်မှစ၍ ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ပြည်ပခရီးစဉ်များ သွားရောက်ခြင်းဖြင့် ဒေသတွင်း ဆက်ဆံရေးကိုလည်း ပိုမိုတိုးတက်အားကောင်းလာစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံ၏ အနာဂတ်သည် ပွင့်လင်းလာပြီဖြစ်ပြီး ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ အတွင်း၌လည်း မြန်မာနိုင်ငံ အနေဖြင့် တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိကာ ပူးပေါင်း ဆောင်ရွက်မှုအနေဖြင့် နံပါတ်(၁) နေရာတွင် ရှိပါကြောင်း၊ ဘင်းမ်စတက်အဖွဲ့ကြီးအနေဖြင့် မကြာမီ ကာလအတွင်း ဦးဆောင်အစည်းအဝေးများနှင့် အခြားသောလှုပ်ရှားမှုများစွာကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေး ပြောကြားသည်။

❖ မြန်မာနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန် လွှဲပြောင်းရယူထမ်းဆောင်ရမည်ဖြစ်ပြီး ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန် ထမ်းဆောင်ချိန်၌ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအချင်းချင်း၊ ပြည်သူများအချင်းချင်း ဆက်ဆံရေးနှင့် ကူးလူးဆက်ဆံမှုများ ကောင်းမွန်အောင်မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံအနေဖြင့်ဘင်းမ်စတက်အဖွဲ့အတွင်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများတွင်ပါဝင်သည့် ကုန်းတွင်းပိတ်နိုင်ငံများဖြစ်သော နီပေါနိုင်ငံနှင့် ဘူတန်နိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်သင့်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန် လွှဲပြောင်းရယူထမ်းဆောင်ရမည်ဖြစ်ပြီး ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန် ထမ်းဆောင်ချိန်၌ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း၊ ပြည်သူများအချင်းချင်း ဆက်ဆံရေးနှင့် ကူးလူးဆက်ဆံမှုများ ကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘင်းမ်စတက်လုပ်ငန်းစဉ်အောက်ရှိ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ၊ အထူးသဖြင့် စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးကဏ္ဍ၊ ဒေသတွင်းလုံခြုံရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးကဏ္ဍနှင့် ဆက်သွယ်ချိတ်ဆက်ရေးကဏ္ဍတို့တွင် မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်နေမှု၊ ဘင်းမ်စတက်၏ ပြင်ပမိတ်ဖက်များနှင့်ဆက်ဆံရေးတွင် အဖွဲ့ကြီး၏ အခြေခံမူများကို လေးစားလိုက်နာရေး၊ ၂၀၂၇ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်မည့် ဘင်းမ်စတက် တည်ထောင်မှု နှစ်(၃၀)ပြည့်အတွက် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပသွားရေးနှင့် မြန်မာနှင့် ဘင်းမ်စတက်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အတွင်းရေးမှူးချုပ်သည် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေး တက်ရောက်ရန်အတွက် မြန်မာနိုင်ငံသို့ ပထမအကြိမ် ခရီးစဉ်လာရောက်ခဲ့ဖူးပြီး ယခုခရီးစဉ်သည် ၎င်း၏ ဒုတိယအကြိမ်ခရီးစဉ်ဖြစ်သည်။



ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်(Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation-BIMSTEC)ကို ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ဘင်းမ်စတက်ကို ဘင်္ဂလားပင်လယ်အော်ဒေသတွင်း နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဘင်းမ်စတက်၏ လက်ရှိပူးပေါင်းဆောင်ရွက်မှု ကဏ္ဍ(၇)ခုရှိသည့်အနက် မြန်မာနိုင်ငံသည် "လယ်ယာစိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးကဏ္ဍ"၏ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ(သက်တန့်ရောင်)စီမံကိန်းဖြင့် သွင်းအားစုများထောက်ပံ့ပေးအပ်

မကွေး ဇွန် ၂၂

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် "ဝါ" စိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများကို လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ(သက်တန့်ရောင်)စီမံကိန်းမှ သွင်းအားစု ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မယ်ဇလီတောကျေးရွာ စာသင်ကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလွင်ညီညီက လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ(သက်တန့်ရောင်)စီမံကိန်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး မယ်ဇလီတော စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသားတောင်သူ ၂၀ ဦး၏ စိုက်ဧက ၅၈ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၂၃၆၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၃ ဒသမ ၆၈၈ သန်းနှင့်ညီမျှသော "ဝါ" အထွက်တိုးမျိုးများဖြစ်သော Raka 666၊ B-31၊ TBL-195 မျိုးများနှင့် သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Phoenix သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုအား လက်ခံဖြေကြား

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေစဉ်အတွင်း Phoenix သတင်းဌာန၊ Phoenix TV မှ Ms. Liu Meixi ၏ တွေ့ဆုံမေးမြန်းမှုများကို ဇွန် ၁၉ ရက်က လက်ခံဖြေကြားခဲ့သည်။ ထိုသို့ Phoenix သတင်းဌာန၏ မေးမြန်းမှုအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်-

**တွေ့ဆုံမေးမြန်းသူ။** ပထမဆုံးအနေနဲ့သမ္မတကြီးကို အခုလိုသာယာလှပတဲ့ဟန်ကျိုးမှာ ကျွန်မ မေးမြန်းခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံတကာမီဒီယာတွေမှာ သမ္မတကြီးပြောဆိုခဲ့တဲ့ မိန့်ခွန်းတွေ၊ ပြောဆိုမှုတွေ၊ ဖြေကြားမှုတွေကိုလေ့လာတွေ့ရှိရပါတယ်။ ပထမဆုံးမေးချင်တဲ့ မေးခွန်းလေးကတော့ ဒီမီဒီယာတွေမှာ ပြောဆိုမှုတွေနဲ့ပတ်သက်ပြီး သမ္မတကြီးက တိုင်းပြည်အပေါ်စေတနာထားသူ၊ တိုင်းပြည်အတွက် လက်ရှိကာလမှာရော၊ နောင်အနာဂတ်မှာပါ တိုင်းပြည်ကောင်းအောင် အမိကဦးစားပေးပြီး စေတနာထားဆောင်ရွက်ချင်တဲ့ နိုင်ငံရေးပညာရှင်တစ်ဦးဖြစ်ပါတယ်။ ဒီမှတ်ချက်ပေးမှုနဲ့ပတ်သက်ပြီး သမ္မတကြီးအနေနဲ့ ဘယ်လိုမြင်ပါသလဲရှင့်။

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်။** ခေါင်းဆောင်တစ်ယောက်၊ ဘယ်ခေါင်းဆောင်ပဲဖြစ်ဖြစ်၊ ဘယ် Level မှာပဲဖြစ်ဖြစ် ခေါင်းဆောင်ဆိုတာတော့ သူတာဝန်ယူရတဲ့ လုပ်ငန်းအပေါ်မှာ၊ ဌာနအပေါ်မှာ ဘယ်လိုကောင်းအောင်လုပ်မလဲဆိုတဲ့စိတ်ရှိရင် အဲဒီလုပ်ငန်းတို့၊ ဌာနတို့က အမြဲတမ်းတိုးတက်ပါတယ်။ ဒါက ကောင်းအောင်လုပ်မယ်ဆိုတဲ့စိတ်၊ ကောင်းတဲ့စိတ်မွေးတာပါ။ ကျွန်တော်လည်းဒီလိုပါပဲ၊ အရင်က ကျွန်တော်တာဝန်ယူခဲ့တဲ့ဌာနမှာဆိုရင် ကျွန်တော် ဘယ်လိုကောင်းအောင်လုပ်မယ်ဆိုတဲ့စိတ်နဲ့ပဲ လုပ်ခဲ့ပါတယ်။ အောက်ခြေ Level ကနေစပြီးတော့ အဆင့်မြင့်တာဝန်ထမ်းဆောင်တဲ့အထိ ဒီလိုပဲလုပ်တယ်။

အခု နိုင်ငံတော်တာဝန်ယူတဲ့အခါမှာလည်း နိုင်ငံတော်ကို ဘယ်လိုကောင်းအောင်လုပ်မလဲဆိုတဲ့စိတ်နဲ့ လုပ်ပါတယ်။ စိတ်ကူးဆိုတာရှိတယ်၊ ဒီလိုလုပ်ရင် ဘယ်လိုဖြစ်နိုင်မလဲဆိုတာရှိကြတယ်၊ ဒါကိုရအောင်အကောင်အထည်ဖော်ရတယ်၊ အဲဒီမှာ ခိုင်မာတဲ့စိတ်ရှိဖို့လိုတယ်၊ သူများပြောရင် ဟုတ်နိုးနိုး ဒီလိုလုပ်နေလို့တော့မရဘူး။ ကိုယ်ဘာလုပ်ချင်တာလဲ၊ လုပ်ချင်တာက မှန်ဖို့လည်းလိုတယ်၊ မမှန်ရင် ဒီဟာက အကျိုးရှိမှာမဟုတ်ဘူး။ ပြဿနာတွေ ရှိလာလိမ့်မယ်၊ ဖြစ်ပျက်နေတဲ့ကဏ္ဍတွေမှာ ကြည့်လိုက်ရင် ဒီအတိုင်းပဲ ကျွန်တော်တွေ့တယ်၊ ဒီလိုစိတ်ရင်းနဲ့လုပ်တယ်လို့ ကျွန်တော်ပြောချင်တာပါ။

**တွေ့ဆုံမေးမြန်းသူ။** မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတကြီးအခုဖြေခဲ့တာကို အားရကျေနပ်မိပါတယ်။ ကျွန်မအနေနဲ့ ၂၀၂၃ ခုနှစ်က မြန်မာနိုင်ငံကို ရောက်ခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံဟာဆိုရင် သဘာဝအရင်းအမြစ်တွေနဲ့ပြည့်စုံပြီး နယ်ပယ်ပေါင်းစုံမှာ တိုးတက်နိုင်တဲ့ အလားအလာတွေ အများကြီးရှိနေပါတယ်။ ဒီအလားအလာတွေအထဲမှာမှ ၂၀၂၆ ခုနှစ်မှာ သမ္မတကြီးအနေနဲ့ ပြည်သူလူထုတွေရဲ့ လူနေမှုဘဝ၊ အသက်အိုးအိမ်စည်းစိမ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုနယ်ပယ်၊ အခန်းကဏ္ဍတွေကနေ ဆောင်ရွက်သွားမလဲဆိုတာကို သိရှိလိုပါတယ်ရှင့်။

**နိုင်ငံတော်သမ္မတ။** ကျွန်တော်တို့ဆီမှာ သဘာဝအရင်းအမြစ်တွေရှိတယ်၊ ထုတ်ကုန်ပစ္စည်းတွေရှိတယ်၊ နှစ်မျိုးရှိပါတယ်။ နောက်ပြီး လူသားအရင်းအမြစ်တွေရှိတယ်။ ဒီသုံးခုကို ဘယ်လိုအသုံးချမလဲ စဉ်းစားရပါတယ်။ ကျွန်တော့်ရဲ့မူဝါဒကတော့ သဘာဝအရင်းအမြစ်တွေ၊ ထုတ်ကုန်ပစ္စည်းတွေကို ကုန်ကြမ်းအနေနဲ့ရောင်းတာမျိုး မနှစ်သက်ဘူး။ ဒီဟာကို တစ်ဆင့်မြင့်ပြီး တန်ဖိုးမြင့်ပြီးသွားတာမျိုး ဖြစ်အောင်လုပ်ရမယ်။ ဘာလဲဆိုတော့ လုပ်ငန်းတွေ တိုးချဲ့ပေးတဲ့သဘော၊ အလုပ်အကိုင်တွေပိုရအောင် လုပ်ပေးတဲ့သဘောပါ။ ကျွန်တော်တို့ဆီမှာ စိုက်ပျိုးရေးထုတ်ကုန်တွေရှိတယ်၊ တွင်းထွက်ပစ္စည်း၊ မြေပေါ်မြေအောက်သယံဇာတပစ္စည်းတွေ ရှိတယ်။

ခုနကပြောတဲ့ စိုက်ပျိုးရေးလုပ်ငန်းမှာဆိုရင် စိုက်ပျိုးရေးထုတ်ကုန်တွေကို အားပေးရမယ်။ ဒါတွေလုပ်နိုင်ဖို့ဆိုရင် အသေးစား၊ အငယ်စား၊ အလတ်စား (MSME)လုပ်ငန်းတွေကို အားပေးမှရမယ်။ ဒီလိုလုပ်နိုင်ရင် အခြေခံလူတန်းစားတွေအတွက် အလုပ်တွေအများကြီးရမယ်။ နောက်တစ်ခုက နည်းပညာနဲ့ပတ်သက်တာတွေလည်း ကျွန်တော်တို့ တစ်ဆင့်သွားမယ်၊ မသွားလို့လည်းမရဘူး၊ ဒီခေတ်က ကျန်ခဲ့လို့မရဘူး၊ နည်းပညာနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ၊ ဥပမာ စိုက်ပျိုးရေးလုပ်ငန်းဆိုရင် နည်းပညာနဲ့သွားတဲ့ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုတို့ဆိုရင်လည်း နည်းပညာနဲ့လုပ်တဲ့လုပ်ငန်း၊ ဒီလိုသွားမှရမှာပါ။ ဒီလိုအားပေးမှ ပြည်သူတွေကလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ များများရပြီးတော့ ဝင်ငွေရလာရင် သူတို့ရဲ့ ဥစ္စာခုနကြွယ်ဝမှုနဲ့ သူတို့ရဲ့လူမှုစီးပွားက တက်လာလိမ့်မယ်။ တိုင်းပြည်က တက်လာမယ့်သဘောပါ။ ဒါကို ကျွန်တော်က ဦးတည်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။** ဒီသုံးသပ်ချက်အပေါ်မှာလည်း လယ်ယာစိုက်ပျိုးရေးထုတ်ကုန်တွေကို တိုးမြှင့်ထုတ်လုပ်ပြီးတော့ ပြည်သူလူထုရဲ့ လူနေမှုဘဝတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်မယ်လို့ သမ္မတကြီးအနေနဲ့ ပြောသွားတာကို ကျေးဇူးတင်ပါတယ်။ ဆက်စပ်မေးလိုတာကတော့ ကျွန်မတို့ တရုတ်-မြန်မာ နှစ်နိုင်ငံရဲ့ စီးပွားရေးစင်္ကြံအကြောင်းဖြစ်ပါတယ်။ ၂၀၂၆ ခုနှစ်မှာ ၇၆ နှစ် တိုင်ခဲ့ပြီဖြစ်တဲ့ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးကနေ ခုနက သမ္မတကြီးပြောကြားခဲ့တဲ့ ထုတ်ကုန်တွေကို ဒီစီးပွားရေးစင်္ကြံ Platform ကို အသုံးပြုပြီးတော့ ဘယ်လိုအခန်းကဏ္ဍကနေ ဆောင်ရွက်သွားမလဲရှင့်။

**နိုင်ငံတော်သမ္မတ။** ကျွန်တော်တို့မှာ ရှည်လျားတဲ့ သမိုင်းကြောင်းတွေရှိတယ်၊ ၇၆ နှစ်ဆိုတဲ့ သံတမန်ဆက်ဆံရေးပါ၊ ဒါပေမဲ့ ကျွန်တော်တို့ဆက်ဆံတာ နှစ်ပေါင်းများစွာရှိပါပြီ၊ ဟိုးအရင်ကတည်းက ကူးသန်းရောင်းဝယ်မှုတွေလုပ်ခဲ့ကြတယ်၊ ဒါတွေကို အသုံးချရမှာပါ၊ ခုနကပြောတဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေ၊ မွေးမြူရေးထုတ်ကုန်တွေ၊ သယံဇာတပစ္စည်းထုတ်ကုန်တွေ၊ ဒါတွေကို မြန်မာနိုင်ငံမှာ ကုန်ချောအဖြစ်ထုတ်ပြီးတော့ တရုတ်နိုင်ငံကို တင်ပို့တာမျိုးပါ။ တရုတ်နိုင်ငံက ကြီးမားတဲ့ဈေးကွက်ကြီးပါ။ ခင်ဗျားတို့နိုင်ငံက လူဦးရေ သန်းပေါင်း ၁၄၀၀ ကျော်လောက်ရှိတယ်၊ ကျွန်တော်တို့အတွက် ကြီးမားတဲ့ဈေးကွက်ကြီးတစ်ခုဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က အသုံးချဖို့လိုတယ်။

ရောင်းတယ်ဆိုတာလည်း သုံးတဲ့သူက အသုံးလိုဖို့လိုအပ်ပါတယ်။ အသုံးလိုတဲ့ပစ္စည်းကို ကျွန်တော်တို့က ထုတ်ပေးနိုင်ဖို့လိုတယ်၊ ခင်ဗျားတို့လိုအပ်တာကို ကျွန်တော်တို့က ထုတ်ပြီးရောင်းနိုင်ရမယ်၊ ဒါကို ကျွန်တော်တို့က ရအောင်အကောင်အထည်ဖော်ရမှာပါ။ ကျွန်တော် အခုလာတဲ့ခရီးစဉ်မှာ နှစ်ဖက်ကုန်သွယ်မှုမြှင့်တင်ဖို့၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံပြီး အလုပ်လုပ်ဖို့၊ ရင်းနှီးမြှုပ်နှံပြီးထွက်လာတဲ့ပစ္စည်းကို တရုတ်နိုင်ငံကို ပြန်ရောင်းတာလည်း ဖြစ်ရင်ဖြစ်မယ်၊ တခြားနိုင်ငံကို ရောင်းတာလည်း ဖြစ်ရင်ဖြစ်မယ်၊ မြန်မာနိုင်ငံမှာ ရောင်းတာလည်း ဖြစ်ရင်ဖြစ်မယ်၊ ဒီလိုသွားရမှာပါ။ ဒီလိုလုပ်မယ်ဆိုရင် ဒီစီးပွားရေးစင်္ကြံက အလုပ်ဖြစ်ပါတယ်။ စီးပွားရေးစင်္ကြံက အောင်မြင်တယ်လို့ပြောလို့ရတယ်။ ဒါပေမဲ့ အဲဒီလမ်းကြောင်းဟာ ချောမွေ့နေဖို့တော့လိုတယ်၊ လုံခြုံချောမွေ့နေဖို့လိုတယ်၊ လုံခြုံချောမွေ့နေအောင် ကျွန်တော်တို့ဖန်တီးရမယ်၊ ရထားလမ်းတွေ၊ ကားလမ်းတွေကောင်းအောင် ကျွန်တော်တို့လုပ်ပေးရမယ်၊ နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်မှုတွေ၊ နယ်စပ်ဒေသ ကူးသန်းရောင်းဝယ်မှုတွေ အကုန်ကောင်းအောင်လုပ်ပေးရမယ်။ ဒီခေတ်က နည်းပညာခေတ်ဖြစ်တဲ့အတွက် နည်းပညာကို အသုံးချပြီးတော့မှ ကူးလူးဆက်ဆံမှုတွေ လုံလုံခြုံခြုံနဲ့ ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်ပေးရမယ်။ သာမန်ဈေးရောင်းဈေးဝယ်မျိုးတော့ လုပ်လို့မရဘူး။ ကဏ္ဍပေါင်းစုံကနေ လုပ်ရမယ့်ဟာတွေရှိပါတယ်။ တော်တော်လေးကျယ်ပြန့်ပါတယ်။ ဒါကို ကျွန်တော်တို့က ခိုင်ခိုင်မာမာဖြစ်ဖို့ရည်ရွယ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။** ကျေးဇူးတင်ပါတယ်။သမ္မတကြီးအနေနဲ့ တရုတ်နိုင်ငံနဲ့ပတ်သက်ပြီး ကုန်သွယ်မှုနဲ့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေကို တိုးတက်အောင် ဆောင်ရွက်သွားမယ်ဆိုပြီး ပြောခဲ့တာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး သမ္မတကြီးကို မေးမြန်းလိုတာက တရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်လာနိုင်ဖို့အတွက် မြန်မာနိုင်ငံအစိုးရအနေနဲ့ တရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေအတွက် သက်သာတဲ့မူဝါဒတွေ၊ ထောက်ပံ့မယ့်မူဝါဒတွေနဲ့ မြန်မာ့ဈေးကွက်ကို သတိထားမိအောင် ဘယ်လိုမျိုးဆောင်ရွက်ဖို့ရှိပါသလဲ။ နိုင်ငံတကာဈေးကွက်နဲ့ အာဆီယံဈေးကွက်မှာ ဝင်ဆံ့မှုအတိုင်းအတာတို့နဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုမူဝါဒတွေ စဉ်းစားထားတာရှိပါသလဲ။

**နိုင်ငံတော်သမ္မတ။** မြန်မာနိုင်ငံအတွက် တရုတ်နိုင်ငံက အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုမှာ တရုတ်နိုင်ငံက အများဆုံးဖြစ်ပါတယ်။ ကုန်သွယ်ဖက်မှာလည်း ကျွန်တော်တို့အတွက် အကြီးဆုံးနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုမှာလည်း တရုတ်နိုင်ငံက အများဆုံးနိုင်ငံပါ။ ဒါကို ဆက်လက်ပြီးတိုးချဲ့ဖို့ ရည်ရွယ်တာပါ။ ခင်ဗျားတို့နိုင်ငံမှာ ကြီးမားတဲ့ဈေးကွက်ကြီးရှိသလိုပဲ ကျွန်တော်တို့နောက်မှာလည်း လူဦးရေ သန်းပေါင်း ၁၄၀၀ ကျော်ရှိတဲ့ ကမ္ဘာမှာ လူဦးရေအများဆုံးဖြစ်တဲ့ အိန္ဒိယနိုင်ငံရှိတယ်။ ပြီးတော့ လူဦးရေသန်းပေါင်း ၁၆၀ လောက်ရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိတယ်။ လူဦးရေသန်းပေါင်း ၇၀ ကျော်ရှိတဲ့ ထိုင်းနိုင်ငံရှိတယ်။ ခုနကပြောတဲ့ အာဆီယံနိုင်ငံတွေ တစ်ဆက်တည်းပါ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အရှေ့ဘက်သွားရင် ကမ္ဘောဒီးယား၊ လာအိုတို့ ရှိပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ လာလုပ်မယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုဥပဒေရှိတယ်၊ နိုင်ငံတကာမှာတော့ ဒေါ်လာငွေကြေးသုံးကြတယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအတွက် ယွမ်ငွေကိုလည်း ဥပဒေအရပေးထားတယ်၊ လာတဲ့စီးပွားရေးလုပ်ငန်းရှင်တွေ ဗီဇာနဲ့ပတ်သက်ပြီး ကန့်သတ်ချက်လုပ်မထားဘူး၊ အကုန်ဆောင်ရွက်ပေးတယ်၊ One Stop Service တွေ လုပ်ပေးထားတယ်။ အခက်အခဲတွေမဖြစ်အောင်ပါ။ ဥပဒေအရလည်း အကာအကွယ်အကုန်ပေးထားပါတယ်။ ဒါကို နှစ်နိုင်ငံသဘောတူပြီးသားရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ထွက်လာတဲ့ ထုတ်ကုန်ပစ္စည်းတွေကို အနောက်ဘက်ကိုသွားမလား၊ အာဆီယံဈေးကွက်ကို သွားမလား၊ ဒီလိုသွားလို့ရတယ်။ အနောက်ဘက်ဆို အိန္ဒိယရှိတယ်၊ ဘင်္ဂလားဒေ့ရှ်ရှိတယ်၊ ပြီးတော့ ပင်လယ်ရေကြောင်းကနေသွားလို့ရတဲ့ လမ်းကြောင်းတွေလည်း အများကြီးရှိတယ်၊ ဒါကို ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင်လုပ်ပေးမယ်၊ ဥပဒေအရလည်း အကာအကွယ်ပေးထားတယ်။ သို့သော်လည်း သီးခြားတော့ အကာအကွယ်ပေးလို့မရဘူး။ ဥပဒေဆိုတာ အဖွဲ့အစည်းတစ်ခုကို သီးခြားကာကွယ်ပေးလို့မရပါဘူး။ အကုန်လုံးနဲ့တူညီတဲ့အခွင့်အရေးပေးရမယ်။ နိုင်ငံပေါင်းများစွာ ဆက်ဆံရတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့ လုပ်မယ်ဆိုရင် အောင်မြင်မှုရလိမ့်မယ်၊ တရုတ်နိုင်ငံအတွက်လည်း အထောက်အကူရလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ခုနက တစ်ချက်ကျန်ခဲ့တာက နယ်စပ်မှာ ကုန်သွယ်မှုအတွက် ပေးချေတဲ့အခါ ယွမ်ငွေနဲ့ကျပ်ငွေ ပေးချေခွင့်ပေးထားပါတယ်။ တရုတ်ကုန်သည်တွေက မြန်မာနိုင်ငံကပစ္စည်းဝယ်မယ်ဆို ယွမ်နဲ့ပေး၊ ဘဏ်ချင်းလည်းသဘောတူပြီးသားရှိတယ်၊ ခွင့်ပြုထားပါတယ်။ ကျွန်တော့်လက်ထက်မှာ စပြီးခွင့်ပြုခဲ့တာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။** ဟုတ်ကဲ့ပါ။ ဒါက ကျွန်မ စိတ်ဝင်စားတဲ့ နယ်ပယ်လည်းဖြစ်ပါတယ်။ ဒီလို ယွမ်ငွေနဲ့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံခွင့် ပေးလိုက်တာကိုလည်း ကျွန်မတို့အနေနဲ့ စိတ်ဝင်စားမှုရှိပါတယ်။ ဒီအပေါ်မှာ သမ္မတကြီးအနေနဲ့ ယွမ်ငွေနဲ့ ရင်းနှီးမြှုပ်နှံတဲ့အတွက် မြန်မာနိုင်ငံရဲ့ GDP ဘယ်လောက်တိုးတက်လာနိုင်တယ်လို့ သုံးသပ်ထင်မြင်ပါသလဲရှင့်။

**နိုင်ငံတော်သမ္မတ။** GDP ဆိုတာကတော့ အခြေအနေသုံးရပ်အပေါ် မူတည်ပါတယ်။ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနဲ့ ဝန်ဆောင်မှုကဏ္ဍကြီးအပေါ်မှာမူတည်ပြီး တက်လာတာပါ။ သို့သော် တစ်ခုလုပ်လိုက်တာနဲ့ ဆင့်ကဲဆင့်ကဲပါလာတဲ့ အကျိုးဆက်တွေရှိတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ GDP က နည်းပါတယ်။ တရုတ်နိုင်ငံရဲ့ ပြည်နယ်အဆင့်ဆိုရင်တောင် ကျွန်တော်တို့နိုင်ငံထက် များပါတယ်။

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Phoenix သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုအား လက်ခံဖြေကြားစဉ်။

☆ စာမျက်နှာ ၄ မှ

ကျွန်တော်တို့က ဒီထက်ပိုပြီး တိုးတက်အောင်လုပ်ဖို့ ရည်ရွယ်ချက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုကနေလုပ်တာ ရှိပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်ကလည်း Production ကို တိုးချဲ့မှရမယ်။ အဲဒီလိုတိုးချဲ့မှ GDP က တက်လာပါမယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့အတွက်ကြောင့် ကဏ္ဍပေါင်းစုံက ထုတ်လုပ်မှုတွေများလာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ များလာမယ်။ အဲဒါနဲ့ဆက်စပ်ပြီး နောက်ဆုံး ဝန်ဆောင်မှုမှာတက်လာမယ်။ ဒါက ထပ်ဆင့်တက်လာမယ့်ကိစ္စဖြစ်တဲ့အတွက် မှန်းရခက်ပါတယ်။ နှစ်ဆလောက်တော့ တက်လိမ့်မယ်လို့ထင်ပါတယ်။ တရုတ်နိုင်ငံနဲ့ လက်ရှိ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ခြင်းကနေ ဖြစ်လာမယ့် အကျိုးဆက်က GDP နှစ်ဆလောက်တက်လာမယ်လို့ မျှော်လင့်ပါတယ်။ ဘာကြောင့်ဆိုတော့ ကျွန်တော်တို့မှာ လုပ်နိုင်တဲ့အခွင့်အလမ်းတွေ ရှိပါတယ်။ လုပ်နိုင်ဖို့ပဲ လိုတာပါ။ လုပ်နိုင်ဖို့ကိုလည်း ပူးပေါင်းဆောင်ရွက်လုပ်ရပါမယ်။ ဒါကြောင့် ဒီဟာကို ကျွန်တော် အင်မတန်အားထည့်ပြီး ဆောင်ရွက်နေတာပါ။

**တွေ့ဆုံမေးမြန်းသူ။** ကျေးဇူးတင်ပါတယ်သမ္မတကြီးရှင့်။ ကျွန်မ သတင်းစဉ်တွေမှာတွေ့ရတဲ့အတိုင်းဆိုရင် သမ္မတကြီးအနေနဲ့ တရုတ်နိုင်ငံကို လာရောက်တဲ့အချိန်မှာ တရုတ်နိုင်ငံက စက်ရုံ၊ အလုပ်ရုံ နယ်ပယ်ပေါင်းစုံကိုသွားခဲ့ပါတယ်။ ဥပမာပြောရရင် အာကာသနဲ့ပတ်သက်တဲ့ပြခန်းတွေ၊ စက်ရုံ အလုပ်ရုံတွေကို သွားခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့နည်းပညာကို မူတည်ပြီး မြန်မာနိုင်ငံရဲ့ ဘယ်နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်လိုတယ်၊ မြှင့်တင်ဖို့ ဆန္ဒရှိတယ်ဆိုတာ ကျွန်မအနေနဲ့ သိရှိလိုပါတယ်။

**နိုင်ငံတော်သမ္မတ။** တရုတ်နိုင်ငံရဲ့ နည်းပညာမြင့်မားမှုနယ်ပယ်က အတော်လေးကိုကျယ်ပြန့်ပါတယ်။ အိုင်တီနဲ့အာကာသ၊ စက်မှုလုပ်ငန်းရှိတယ်၊ ယဉ်ကျေးမှုနဲ့ပတ်သက်တာ၊ သယ်ယူပို့ဆောင်ရေးနဲ့ ပတ်သက်တာ စတဲ့ကဏ္ဍတွေ ပေါင်းစုံရှိပါတယ်။ ပူးပေါင်းဆောင်ရွက်မှုလုပ်မယ်ဆို ကဏ္ဍပေါင်းစုံကို ပူးပေါင်းဆောင်ရွက်ရမယ့် သဘောရှိပါတယ်။ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခြေအနေရှိအောင်လည်း ကျွန်တော်တို့ဘက်ကလည်း ကြိုးစားရမှာပါ။ တရုတ်နိုင်ငံရဲ့ နည်းပညာမြင့်မားမှုကို ကျွန်တော်တို့အနေနဲ့ လိုက်လုပ်နိုင်ဖို့လိုပါတယ်။ တရုတ်နိုင်ငံရဲ့ နည်းပညာမြင့်မားမှုကလည်း အတော်လေးကိုမြန်ပါတယ်။ နည်းပညာတွေက အချိန်နဲ့တစ်ပြေးညီ ခဏခဏ ပြောင်းလဲနေတာပါ။

ဥပမာ ကျွန်တော် ပြီးခဲ့တဲ့ ၂၀၂၄ ခုနှစ်က ရောက်ခဲ့တဲ့အချိန်မှာ တချို့လုပ်ငန်းတွေ ကြည့်ခဲ့တယ်၊ ၂၀၂၅ ခုနှစ် ရောက်ခဲ့တဲ့အချိန်မှာ တချို့လုပ်ငန်းတွေကြည့်ခဲ့တယ်၊ ၂၀၂၆ ခုနှစ် ရောက်ခဲ့တဲ့အချိန်မှာလည်း တချို့လုပ်ငန်းတွေကြည့်တယ်၊ ၂၀၂၄ ခုနှစ်အခြေအနေ၊ ၂၀၂၅ ခုနှစ်အခြေအနေတွေက ပြောင်းလဲသွားပြီ၊ ဒါပေမဲ့ ကျွန်တော်တို့က ၂၀၂၄ ခုနှစ်ရဲ့အခြေအနေရောက်အောင်တောင် အတော်လေး လုပ်ရမယ့်အခြေအနေမှာရှိပါတယ်။ ကျွန်တော်တို့ လူတွေကလည်း ပြင်ဆင်မှုလိုအပ်ပါတယ်။ ပြင်ဆင်မှုအတွက် တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုလည်း လိုပါတယ်။ နည်းပညာကတော့ ကဏ္ဍပေါင်းစုံကနေ လုပ်ဖို့ရှိပါတယ်။ ကျယ်လည်းကျယ်ဝန်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကို မျှော်မှန်းပြီး လုပ်ဆောင်ဖို့ ရှိပါတယ်။

**တွေ့ဆုံမေးမြန်းသူ။** ကျေးဇူးတင်ပါတယ်၊သမ္မတကြီး အနေနဲ့ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းကို လုံခြုံပြီး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ရမယ်လို့ခုနက ပြောခဲ့ပါတယ်။ အဲဒါမှ နှစ်နိုင်ငံဖွံ့ဖြိုး တိုးတက်မယ်လို့ ပြောခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး သမ္မတကြီးကို မေးမြန်းလိုတာကတော့ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နယ်စပ်ဒေသ စီမံခန့်ခွဲမှုဆိုင်ရာမှာ ဘယ်လိုမူဝါဒတွေရှိတယ်၊ ပြီးတော့ မြန်မာနိုင်ငံ နယ်စပ်ဒေသမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ တရုတ်လုပ်ငန်းရှင်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ် လုံခြုံရေးနဲ့ပတ်သက်ပြီးတော့ ဘယ်လိုအာမခံချက်မျိုး စီမံဆောင်ရွက်ဖို့ရှိပါသလဲ။

**နိုင်ငံတော်သမ္မတ။** ပွင့်ပွင့်လင်းလင်း ပြောရရင် လောလောဆယ်အနေအထားမှာ နယ်စပ်ဒေသလုံခြုံအေးချမ်းရေးက အားနည်းပါတယ်။ ဒါက ကျွန်တော်တို့ နှစ်ဖက်အစိုးရတွေအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ နယ်စပ်ဒေသစီမံခန့်ခွဲမှုက အစိုးရနဲ့ပဲဆိုင်ပါတယ်။ အစိုးရကပဲလုပ်လို့ရတယ်။ တခြားအဖွဲ့အစည်းက ဝင်လုပ်လို့မရပါဘူး။ နယ်စပ်ဒေသစီမံခန့်ခွဲရေးသာမက နယ်စပ်ဒေသကုန်သွယ်ရေးကိစ္စ၊ နှစ်နိုင်ငံ Cross Border Trade နဲ့ပတ်သက်ပြီး အစိုးရကပဲ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က ရအောင်ဖန်တီးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဖြစ်ပျက်နေတဲ့ပြဿနာတွေကို ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့အတွက် ကြိုးစားရမှာ ဖြစ်ပါတယ်။

တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုလုံခြုံရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ အများကြီးလုပ်ပေးနေပါတယ်။ အခက်အခဲရှိခဲ့တာတော့အမှန်ပါ။ အတော်လေးကျော်လွှားခဲ့ရပါတယ်။ အခုအချိန်မှာ အခြေအနေတော်တော်လေးကောင်းပါတယ်။ နိုင်ငံရေးကလည်း ပြောင်းလဲမှုတွေလုပ်ထားပါတယ်။ တချို့ကိစ္စတွေက နိုင်ငံရေးကြောင့်ဖြစ်လာတဲ့ ပြဿနာတွေဖြစ်ပါတယ်။ တချို့ကိစ္စကျတော့ တိုင်းရင်းသားရေးကြောင့်ဖြစ်လာတဲ့ ပြဿနာတွေ ဖြစ်ပါတယ်။ ဒါတွေကို ဥပဒေနဲ့အညီ လွှတ်တော်မှာ ဖြေရှင်းရပါတယ်။ လိုအပ်တဲ့ လုံခြုံရေးအကာအကွယ်တွေကို သက်ဆိုင်တဲ့အဖွဲ့အစည်းတွေက ပေးပါတယ်။ တစ်ယောက်ချင်းတော့ မပေးနိုင်ပေမယ့် ဌာနနဲ့ပတ်သက်တဲ့၊ လုပ်ငန်းနဲ့ပတ်သက်တဲ့ လုံခြုံရေးကို သက်ဆိုင်ရာအဖွဲ့အစည်းတွေက ဆောင်ရွက်ပေးပါတယ်။ ဒါနဲ့ပတ်သက်ပြီး ထိထိရောက်ရောက်လည်း အရေးယူပါတယ်။ လက်ရှိဖြစ်ပျက်နေတဲ့ ပြဿနာထဲမှာ နယ်စပ်ဒေသမှာ အွန်လိုင်းလောင်းကစားမှု ပြဿနာတွေရှိတယ်။ ဒါတွေကို နှိမ်နင်းနေတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံ ပူးပေါင်းပြီး နှိမ်နင်းနေတာတွေလည်းရှိပါတယ်။ ကျူးလွန်သူတွေကိုလည်း တရုတ်နိုင်ငံကို အကုန်လွှဲပြောင်းပေးလိုက်ပါပြီ။ ဥပဒေကိုချိုးဖောက်ပြီး လာရောက်လုပ်ကိုင်မယ့် လုပ်ငန်းတွေ မလာရဲအောင်လုပ်ရမယ်။ မလုပ်နိုင်အောင်လည်းလုပ်ရမယ်။ နှစ်ဖက်လုပ်မှရမယ်၊ တစ်ဖက်တည်းကတော့ လုပ်လို့မရဘူး။ ဒါကတော့ နယ်စပ်ဒေသ Cross Border နဲ့ပတ်သက်တာပါ။ ပြည်တွင်းလုံခြုံရေးကျတော့ ကျွန်တော်တို့နဲ့ဆိုင်ပါတယ်။ လုပ်ပေးပါတယ်၊ အဲဒီအပြင် တရုတ်နိုင်ငံရဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီး နှစ်ဖက်ပူးပေါင်းပြီး လုပ်ဆောင်တဲ့အဖွဲ့အစည်းကိုလည်း ခွင့်ပြုပေးထားပါတယ်။ ဒီလိုမျိုး ရင်းနှီးမြှုပ်နှံမှုနဲ့ လူပုဂ္ဂိုလ်လုံခြုံရေးတွေ လုပ်ပေးထားတယ်ဆိုတာလည်း ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။** ဟုတ်ကဲ့၊သမ္မတကြီးကိုအခုလို မေးမြန်းခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ သမ္မတကြီးရဲ့ဦးဆောင်မှုအောက်မှာ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတာ ကျွန်မတို့ယုံကြည်ပါတယ်ရှင့်။

**နိုင်ငံတော်သမ္မတ။** ကောင်းပါပြီ။



## မိတ္ထီလာစီးပွားရေးတက္ကသိုလ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် လူငယ်တွေ့ဆုံပွဲကျင်းပ

**မိတ္ထီလာ ဇွန် ၂၂**

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲနှင့် လူငယ်တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၌ ကျင်းပရာ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဌာနမှူးဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွဲ့ဝင်များနှင့်အတူ ပျိုးပင်များကို ဦးဆောင်စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက သတ်မှတ်နေရာများ၌ ပျိုးပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပသည့် လူငယ်တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး မိတ္ထီလာစီးပွားရေးတက္ကသိုလ်အတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများက သိလိုသည်များ မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

## စစ်ကိုင်းမြို့တွင် မိသားစုဝင်ငွေတိုးစီမံကိန်းမှ ကြိမ်အခြေခံလက်မှုထည် ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ်

**စစ်ကိုင်း ဇွန် ၂၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စစ်ကိုင်းခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ဒေသတစ်ခုထုတ်ကုန်တစ်ခု ဆောင်ရွက်မည့် အစီအစဉ်ဖြင့် ကြိမ်အခြေခံလက်မှုထည် ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ရွာထောင်ဓမ္မာရုံ၌ ကျင်းပခဲ့ သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားခဲ့ပြီး စစ်ကိုင်းခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လွင်မာအောင် က ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊စီမံကိန်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံး ပစ္စည်းများပေးအပ်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲပိုင်အောင်က စီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီသို့ စီမံကိန်းတာဝန် လွှဲပြောင်းပေးအပ်ခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးတော်တော်က သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးထံ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးအား ကြိမ်ခြင်းအမျိုးမျိုး၊ ဦးထုပ်၊ အုပ်ဆောင်း၊ ထိုင်ခုံ၊ ဇန်းအမျိုးမျိုး၊ လိပ်စာထည့်ခွက်၊ တစ်သျှူးဘောက်၊ ခေါင်းအုံး၊ ခတ်ပုံးဘောင် စသည့် ကြိမ်အခြေခံလက်မှုထည်များကို ဇွန် ၁၈ရက်မှ ဇူလိုင် ၂၄ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းမှ အမှန်တကယ် ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား၊သင်တန်းသူ ငါးဦးအား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

၀-၀-၀-၀-၀




ပန်းမန်သစ်ပင်၊
လေသန့်စင်၍၊
ဥယျာဉ်တောတန်း၊
စိတ်ရွှင်လန်း၏။



**ယာဉ်မောင်းသူများ လိုက်နာရန်**

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီး၀ါ)လုံး၀ ဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

## နေပြည်တော်ကောင်စီနယ်မြေတွင် EV Bus များဖြင့် မြို့တွင်းယာဉ်လိုင်းပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် အများပြည်သူ ဘတ်စ်လိုင်းကားပြေးဆွဲပေးနိုင်ရေး၊ တရားမဝင်မော်တော်ဆိုင်ကယ်များကို လိုင်စင်ပြန်လည်ပြုလုပ်ပေးနိုင်ရေး၊ ကမ်းထိန်းနံရံများဆောင်ရွက်ပေးနိုင်ရေး၊ ဆေးရုံအဆင့်တိုးမြှင့်ပေးနိုင်ရေးနှင့် ဆရာဝန်နှင့် သူနာပြုလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း(၅)ခု မေးမြန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **နေပြည်တော်ကောင်စီနယ်မြေတွင် အများပြည်သူ ဈေးနှုန်းချိုသာစွာဖြင့် သွားလာနိုင်သည့် ဘတ်စ်လိုင်းကားများပြေးဆွဲပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က နေပြည်တော်တွင် လက်ရှိမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)၏ ကြီးကြပ်မှုဖြင့် ရွှေသပြေ၊ ရွှေအောင်လံ၊ ရွှေပြည်သစ်ယာဉ်လိုင်း သုံးလိုင်းမှ Light Truck ယာဉ်များဖြင့် ပျဉ်းမနား-မြို့မဈေး၊ ပျဉ်းမနား-မြို့မဈေး-တောင်ညို၊ ပျဉ်းမနား-တပ်ကုန်း ခရီးစဉ်များကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိပါကြောင်း၊ တော်ဝင်ယာဉ်အသင်းက လမ်းကြောင်း(၄)ခုကို Bus ကားများဖြင့် ပြေးဆွဲလျက်ရှိပါကြောင်းနှင့် "ရာဇာမင်း" ခရီးသည်ပို့ဆောင်ရေးယာဉ်အသင်းက EV Bus များဖြင့် မြို့တွင်းယာဉ်လိုင်းပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **တစ်နိုင်ငံလုံးရှိ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား အခွန်ငွေသတ်မှတ်ပေးသွင်းစေပြီး ဥပဒေနှင့်အညီ တရားဝင်လိုင်စင်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်** သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဟေသားကြီး၏ **လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင်ပြန်လည်ပြုလုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ လုပ်ပေးနိုင်ပါက ဘယ်အချိန်ကာလတွင် စတင်ပြုလုပ်ပေးမည်နှင့် မလုပ်ပေးနိုင်ပါက အဘယ်ကြောင့်မလုပ်ပေးနိုင်ခြင်းကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာနိုင်ငံအတွင်း ရောက်ရှိနေသော တရားမဝင် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များသည် ဥပဒေနှင့်မညီသည့်အတွက် အထောက်အထားများ တင်ပြနိုင်ခြင်းမရှိပါသဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေး၍ မရပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများ မိုးရာသီတွင် ကမ်းပါးများ ရေတိုက်စားမှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် သစ်ဆိန်ပင်ကျေးရွာ ပေ(၈၅၀)၊ ဖောင်းတောကျေးရွာပေ(၁၅၀၀)၊ အနော်ရထာရပ်ကွက် တံတားအထက် ပေ(၁၀၀၀) – တံတား အောက် ပေ (၁၅၀၀)၊ လက်ပံကုန်းကျေးရွာ ပေ(၇၀၀)၊ ရောက်ကုန်းကျေးရွာ ပေ(၉၀၀)တို့အား ကမ်းထိန်းနံရံများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ရေတို၊ ရေရှည် အစီအမံများချမှတ်၍ ဆောင် ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအောင်မြိုင်က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ အနော်ရထာရပ်ကွက် နဝင်းချောင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ သစ်ဆိန်ပင်ကျေးရွာ ရေကြီးရေလျှံချောင်း ပေါက်ထွက်မှုကာကွယ်ရေးလုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျစရိတ် တင်ပြတောင်းခံခဲ့ရာ ရန်ပုံငွေလျာထားပါဝင်ခြင်း မရှိသည့်အတွက် နောင်လာမည့် ဘဏ္ဍာရေးနှစ်တွင် ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ကျန်ရှိသည့် ကမ်းပြိုနေရာများဖြစ်သည့် ဖောင်းတောကျေးရွာ၊ လက်ပံကုန်းကျေးရွာ၊ ရောက်ကုန်းကျေးရွာတို့ကိုလည်း ကွင်းဆင်းတိုင်းတာစစ်ဆေး၍ ဆောင်ရွက်သင့်သည့် အစီအမံများနှင့်အတူ ဘဏ္ဍာရန်ပုံငွေရရှိရေး ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်ချိန်တွင် နည်းပညာအကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ခရမ်းမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၏ **ခရမ်းမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံ (၁)ခု၊ ကျိုက်ချောင်းတိုက်နယ်ဆေးရုံ၊ ကမာမတ်တိုက်နယ်ဆေးရုံနှင့် ပိန်းကန်တိုက်နယ်ဆေးရုံ (၃)ရုံရှိပြီး ဆရာဝန်(၁၁)ဦးနှင့် သူနာပြု (၂၀) လိုအပ်လျက်ရှိပါသဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ခရမ်းမြို့နယ်ပြည်သူ့ဆေးရုံ၊ ကျိုက်ချောင်းတိုက်နယ်ဆေးရုံ၊ ကမာမတ်တိုက်နယ်ဆေးရုံနှင့်ပိန်းကန်တိုက်နယ်ဆေးရုံတို့တွင် ဆရာဝန်နှင့် သူနာပြုများ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ထို့ပြင် တိုက်နယ်ဆေးရုံတိုင်းတွင် အနည်းဆုံး ဆရာဝန်တစ်ဦးထားရှိနိုင်ရေး မူအရဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရမ်းပြည်သူ့ဆေးရုံ၏ ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်အပေါ်မူတည်ပြီး လက်ထောက်ဆရာဝန်များ ထပ်မံခန့်ထားနိုင်ရေးစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုလအတွင်း သစ်လွင်သူနာပြုများအား ခန့်ထားသည့်အချိန်တွင် သူနာပြုခြောက်ဦးအား ခွဲဝေခန့်ထားပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆန်စိန်၏ **တန့်ယန်းမြို့ ပြည်သူ့ဆေးရုံအား (၂၅) ခုတင်ဆံ့ ဆေးရုံမှ ခုတင် (၅၀) ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်းအစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း က ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့တွင် (၂၅) ခုတင်ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံ၊ ဝိန်းကောင်တိုက်နယ်ဆေးရုံ၊ မန်ပန်တိုက်နယ်ဆေးရုံ၊ မန်ကတ်တိုက်နယ်ဆေးရုံနှင့် မိုင်းကောင်တိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံ (၅) ရုံဖွင့်လှစ်ထားရှိပြီးဖြစ်ပြီး တန့်ယန်းမြို့ပြည်သူ့ဆေးရုံ၏ ခုတင်အသုံးပြုမှုရာခိုင်နှုန်းမှာ သတ်မှတ်ထားသောမူအရ ပြည့်မီရန် လိုအပ်လျက်ရှိသဖြင့် လတ်တလော ခုတင်(၅၀) ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးခင်မောင်ထွန်း၏ ဖောင်းပြင်မြို့ ခုတင်(၅၀)ဆံ့ဆေးရုံတွင် မြို့နယ်ဆရာဝန်ကြီးတစ်ဦးသာရှိပြီး သွားဆရာဝန်နှင့်အတူ ဆေးပညာရှင်ဝန်ထမ်းများ လိုအပ်လျက်ရှိပါသဖြင့် တာဝန်ချခန့်ထားပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဖောင်းပြင်မြို့ ခုတင်(၅၀)ဆံ့ ဆေးရုံအတွက် သွားဆရာဝန်တစ်ဦးအား ယခုနှစ်အတွင်း တာဝန်ချထားပေးသွားမည်ဖြစ်ပြီး လုပ်ငန်းလိုအပ်ချက်နှင့်အညီ ကျန်သူနာပြုနှင့် ကျွမ်းကျင်ဝန်ထမ်းများအား တာဝန်ချထားပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ့်ကိုင်မြို့နယ် ရွှေလုံ့ဗိုလ်(ကံအောက်)ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခု လိုအပ်လျက်ရှိပါသောကြောင့် တိုက်နယ်ဆေးရုံအဖြစ် ခွင့်ပြုဆောင်ရွက်ပေးနိုင်ခြင်းအစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီးဒေါက်တာအေးထွန်းက စဉ့်ကိုင်မြို့နယ် ရွှေလုံ့ဗိုလ်(ကံအောက်)ကျေးရွာသည် ရွာဘိုကျေးလက်ကျန်းမာရေးဌာနနှင့် နတ်ရေကန်ကျေးလက်ကျန်းမာရေးဌာနခွဲများက စောင့်ရှောက်မှုပေးနေသော ကျေးရွာတစ်ရွာဖြစ်ပြီး ယခုအဆိုပြုနေရာတွင် တိုက်နယ်ဆေးရုံဖွင့်လှစ်နိုင်ရေးအတွက် အခြေခံသတ်မှတ်ချက်များဖြစ်သော ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ထားရှိပြီးသော ကျေးရွာဖြစ်ရမည်ဆိုသည့်အချက်နှင့် လမ်းပန်းဆက်သွယ်ရေးအရ မြို့နယ်ဆေးရုံများသို့ လာရောက်ရန် ခက်ခဲသောနယ်မြေဖြစ်ရမည်ဆိုသည့် လိုအပ်ချက်များရှိနေပါသဖြင့် လက်ရှိအချိန်တွင် ခွင့်ပြုဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဇွန် ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့ကျောက်မျက်လောကသို့ ဝင်ရောက်မည့်လူငယ်များ သင်တန်းများထက် မြေပြင်ဈေးကွက်နှင့် လက်တွေ့ပညာကို ပိုမိုဦးစားပေးရန် လိုအပ်ဟု ဆို



**မန္တလေး ဇွန် ၂၂**

ကမ္ဘာ့ကျောက်မျက်ရတနာမျိုးစုံအထွက်ဆုံး ထိပ်သီးနိုင်ငံများအနက် မြန်မာနိုင်ငံသည် ပထမနေရာတွင် ရပ်တည်နေသဖြင့် ယင်းကဏ္ဍသို့ ထဲထဲဝင်ဝင် ဝင်ရောက်လုပ်ကိုင်လိုသည့် လူငယ်များအနေဖြင့် စာတွေ့သင်တန်းများအပြင် မြေပြင်ဈေးကွက်နှင့် လက်တွေ့အတွေ့အကြုံကို ပိုမိုဦးစားပေး လေ့လာသင့်ကြောင်း ဘစိုးဦးမြန်မာမှုအနုပညာရတနာ မှ ဒေါက်တာလှဝင်းအောင် က တိုက်တွန်းအကြံပြုလိုက်သည်။

လက်ရှိအချိန်တွင် ပြည်ပနိုင်ငံအသီးသီးမှ ဝင်ရောက်လာသော ကျောက်မျက်ရတနာ အချို့အား မြန်မာ့မြေထွက် ကျောက်မျက်များအဖြစ် လူငယ်မျိုးဆက်သစ်များက အထင်မှား၊အမြင်မှား ဖြစ်ပေါ်လာနိုင်သည့် ဈေးကွက်အခြေအနေများရှိနေသဖြင့် ယင်းအချက်အပေါ် မိမိအနေဖြင့် အထူးစိုးရိမ်မကင်းဖြစ်မိကြောင်း ၎င်းက ပြောသည်။

ဒေါက်တာလှဝင်းအောင်က "ကျောက်မျက်ရတနာနဲ့ပတ်သက်ပြီး ထဲထဲဝင်ဝင် ဝါသနာပါတယ်ဆိုရင် နံပါတ်တစ်အချက်အနေနဲ့ သင်တန်းတွေချည်းပဲ ဆက်တိုက်တက်မနေဘဲ အခြေခံသင်တန်းတက်ပြီးတာနဲ့ ဈေးကွက်အခြေအနေကို ချပြလေ့လာရပါမယ်။ အမှန်တကယ် တတ်ကျွမ်းနားလည်တဲ့ ဝါရင့်ဆရာတစ်ဦးထံ မှာ သုံးလခန့် လက်တွေ့လေ့လာသင်ယူပြီး အတွေ့အကြုံယူပြီးမှ ကျောက်မျက်လောကကို ဝင်လာတာအကောင်းဆုံးဖြစ်ပါတယ်" ဟု အကြံပြုပြောကြားသည်။

ကမ္ဘာပေါ်တွင် တွင်းထွက်ပစ္စည်း ထွက်ရှိသည့် နိုင်ငံပေါင်း ၂,၀၀၀ ကျော်ရှိသည့်အနက် အဖိုးတန်ကျောက်မျက်ရတနာ ထွက်ရှိသော နိုင်ငံပေါင်း ၄၀၀ ခန့်သာရှိကြောင်း သိရပြီး ၎င်းနိုင်ငံများအနက် ကျောက်မျက်ရတနာမျိုးစုံ စုံလင်စွာထွက်ရှိသည့် ထိပ်သီး လေးနိုင်ငံတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ထိပ်ဆုံး၌ ရပ်တည်နေခြင်းဖြစ်သည်။

သို့ဖြစ်ရာ သဘာဝတွင်းထွက်ရတနာ အရင်းအမြစ်ကြွယ်ဝလှသည့် မြန်မာ့ကျောက်မျက်ကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် အမျိုးသားရေးအမွေအနှစ်များ မပျောက်ပျက်စေရန်အတွက် လူငယ်များအနေဖြင့် ခိုင်မာသော ဈေးကွက်ဗဟုသုတနှင့် ဝါရင့်ပညာရှင်များ၏ လက်တွေ့သင်ကြားမှုများအပေါ် အခြေခံ၍ စနစ်တကျ လေ့လာဆည်းပူးသွားကြရန် လိုအပ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဈ)**

၀-၀-၀-၀-၀

၀-၀-၀

# တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

## အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့် အကူအညီပေးရေးစင်တာ ဖွင့်လှစ်ဆောင်ရွက်ပြီး အခွန်ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇွန် ၂၂

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၆ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်လှထွေး၏ **လက်ရှိဆောင်ရွက်နေသော အခွန်စနစ်အရ အခွန်ဘဏ္ဍာရရှိမှု၊ အခွန်ကောက်ခံမှုယန္တရားတွင် နည်းပညာနှင့် လူအင်အားလုံလောက်မှု ရှိ၊ မရှိ၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများရရှိမှု ရှိ၊ မရှိနှင့် နိုင်ငံတော်အခွန်ဘဏ္ဍာပိုမိုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က လက်ရှိဆောင်ရွက်နေသော အခွန်စနစ်အရ အခွန်ဘဏ္ဍာရရှိမှုနှင့် ရသင့်ရထိုက်သော အခွန်ငွေများရရှိရေးအတွက် (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံ၏ အခွန်အကောက်စနစ်တွင် ပြည်ထောင်စုအဆင့်တွင် ကောက်ခံရရှိသည့် အခွန်အကောက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဆင့်တွင် ကောက်ခံရရှိသည့် အခွန်အကောက်နှင့် စည်ပင်သာယာရေးအဖွဲ့အဆင့်တွင် ကောက်ခံရရှိသည့် အခွန်အကောက်ဟူ၍ အဆင့်သုံးဆင့် ဖွဲ့စည်းထားပါကြောင်း။

နှစ်အလိုက် အခွန်ကောက်ခံရရှိမှုအခြေအနေ နှိုင်းယှဉ်ချက်အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ကောက်ခံရရှိသည့် အခွန်အကောက်ရငွေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၄၉၁၂ ခန့်ရရှိရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၁၄၀၇၀ ကောက်ခံရရှိခဲ့သည့်အတွက် အခွန်အကောက်ရငွေ သုံးဆခန့်တိုးတက်ရရှိခဲ့ပါကြောင်း၊ ပြည်ထောင်စု၏ အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုးသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ၅ ဒသမ ၀၇ ရာခိုင်နှုန်းသာရှိရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ၈ ဒသမ ၅၅ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အခွန်ရငွေနှင့် ဂျီဒီပီအချိုးကို ၉ ဒသမ ၅ ရာခိုင်နှုန်းရရှိရေး ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

နည်းပညာ တိုးချဲ့ကျင့်သုံးနိုင်ရေးအတွက် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် နည်းပညာဆိုင်ရာဌာနခွဲကို ဌာနခွဲတစ်ခုစီ သီးခြားထည့်သွင်း ဖွဲ့စည်းထားရှိခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် အခွန်ထမ်းမှတ်ပုံတင်ခြင်းစနစ် (e-Registration Management System)၊ အီလက်ထရောနစ် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System)၊ အီလက်ထရောနစ် ငွေပေးချေမှုစနစ်များဖြစ်သည့် m-Banking၊ e-Banking၊ i- Banking၊ Mobile Payment IRD's Tax Payment Hub၊ Mobile Payment တို့ဖြင့် အခွန်ငွေများ ပေးဆောင်နိုင်ရန် စီမံဆောင်ရွက်ထားခြင်း၊ အကောက်ခွန်ဦးစီးဌာနတွင် မြန်မာ အလိုအလျောက်ကုန်ပစ္စည်း ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System-MACCS )ကို အသုံးပြုပြီး Internet Banking / Mobile Banking မှတစ်ဆင့် အကောက်ခွန်နှင့် အခြားအခွန်အခများ ပေးဆောင်နိုင်ရေးတို့ကို စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

အခွန်ဘဏ္ဍာပိုမိုရရှိစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့မှ စီးပွားရေးလုပ်ငန်းစာရင်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီစာရင်းများနှင့် တိုက်ဆိုင်စိစစ်ပြီး အခွန်ထမ်းသစ်များ ဖော်ထုတ်ခြင်း၊ မိုဘိုင်းဖုန်းဟန်းဆက်များကို နည်းပညာအသုံးပြု၍ မှတ်ပုံတင်စေသည့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်ဝယ်ယူခြင်းအပေါ် အခွန်ကိစ္စစိစစ်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အီလက်ထရောနစ်ဝန်ဆောင်မှုစနစ်ကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိခြင်း၊ အခွန်ရငွေပိုမိုတိုးတက်ရေး၊ အခွန်စည်းကြပ်ရာတွင် မျှတမှုဖြစ်စေရေး၊ အခွန်မှူးများ၏ လုပ်ပိုင်ခွင့်ကို လျှော့ချကန့်သတ်ခြင်းဖြင့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်နိုင်ရေးတို့အတွက် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်ကို တိုးချဲ့ကျင့်သုံးဆောင်ရွက်ခြင်း၊ အခွန်ထမ်းများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့် အီလက်ထရောနစ် ဝန်ဆောင်မှုနည်းပညာဆိုင်ရာ အကူအညီပေးရေးစင်တာ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ အခွန်ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပြီး အခွန်ပညာပေးရှင်းလင်းပွဲများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အခွန်ယဉ်ကျေးမှု ပိုမိုခိုင်မာလာစေရေးနှင့် အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်တာဝန်ကို ကြည်သာပျော်ရွှင်စွာ ထမ်းဆောင်လာစေရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်း၍ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လူဦးရေများပြားလာသည့်အတွက် နေထိုင်မှုအဆင်ပြေစေရန် ရွာတိုးချဲ့မြေခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တိုးချဲ့လိုသော ကျေးရွာမြေသည် လယ်ယာမြေဖြစ်ပါက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအရလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများဖြစ်ပါက ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေ၊ နည်းဥပဒေများအရလည်းကောင်း၊ ဝန်ကြီးဌာနများမှ စီမံခန့်ခွဲလျက်ရှိသော မြေများဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုမိန့်များအရလည်းကောင်း ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိပါက ၁၉၀၇ ခုနှစ် မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေအပိုဒ် ၄၁၊ ၄၂၊ ၄၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နေထိုင်ရန်အခက်အခဲရှိသော ကျေးရွာနေပြည်သူများအား ချထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လူဦးရေများပြားလာသည့်အတွက် နေထိုင်မှုအဆင်ပြေစေရေး ကျေးရွာမြေတိုးချဲ့ခွင့်ပြုပေးနိုင်ပါရန် သက်ဆိုင်ရာကျေးရွာများမှ ပြည်သူများက လျှောက်ထားလာပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဦးခင်မောင်တင့်၏ **တိုက်ကြီးမြို့နယ်အတွင်းရှိမလေးရှားပိုင်ကျေးရွာအုပ်စု ပျဉ်းမချိုကျေးရွာ၊ မင်္ဂလာရပ်ကွက်၊ နှင်းဆီမြိုင်ကျေးရွာ၊ ကင်းပတီးကျေးရွာအုပ်စု ရွှေညောင်ပင်ကျေးရွာနှင့် လိပ်လှေ့ကျေးရွာ၊ ဖလုံဘူတာကျေးရွာအုပ်စု အလယ်မြောင်ကျေးရွာနှင့် ကြို့ပင်ကျေးရွာ၊ ရေတွင်းကုန်းကျေးရွာအုပ်စု အေးမြသာယာကျေးရွာတို့အား သစ်တောဧရိယာမြေမှပယ်ဖျက်ပြီး ကျေးရွာပိုင်မြေအဖြစ် ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မလေးရှားပိုင်ကျေးရွာအုပ်စု ပျဉ်းမချိုကျေးရွာသည် ၂၀၀၆ ခုနှစ်ခန့်မှစ၍ ၇၈ ကေရှိသည့် ကျေးရွာအဖြစ်လည်းကောင်း၊ မင်္ဂလာရပ်ကွက်၊ နှင်းဆီမြိုင်ကျေးရွာသည် ၁၉၉၀ ပြည့်နှစ်ခန့်မှစ၍ ၉၀ ဧကခန့်ရှိသည့် ကျေးရွာအဖြစ်လည်းကောင်းတည်ရှိကာ အဆိုပါကျေးရွာ နှစ်ရွာသည် တောင်လှိုင်ရိုးမသစ်တောကြိုးဝိုင်းမြေအတွင်းပါဝင်နေပါကြောင်း၊ ကင်းပတီးကျေးရွာအုပ်စုအတွင်းရှိ ရွှေညောင်ကျေးရွာသည် ၂၀၁၂ ခုနှစ်ခန့်မှစ၍ ၅၁ ကေရှိသည့် ကျေးရွာအဖြစ်တည်ရှိပြီး မာဂရီသစ်တောကြိုးဝိုင်းအတွင်း ပါဝင်နေပါကြောင်း။

ကင်းပတီးကျေးရွာအုပ်စုအတွင်းရှိ ယခင်လိပ်လှေ့ကျေးရွာ(ယခုမြိုင်ဟောဝန်ကျေးရွာ)သည် ၁၉၆၆ ခုနှစ်မှစ၍ ကေ ၃၀ ခန့်ရှိသည့် ကျေးရွာအဖြစ်တည်ရှိပြီး ဥက္ကံသစ်တောကြိုးဝိုင်းအတွင်း ပါဝင်နေပါကြောင်း၊ လိပ်လှေ့ကျေးရွာမြေနေရာသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မြန်မာ့သစ်လုပ်ငန်းသို့ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်း(မြိုင်ဟောဝန်ဆင်စခန်း)အဖြစ် ဆောင်ရွက်ရန်အတွက် ဆင်စခန်းနှင့် ဆင်စားကျက်မြေအဖြစ် ခွင့်ပြုထားသည့် မြေဧရိယာ ၃၃ ကေအတွင်း ကျနေသည့်အတွက် သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်းမရှိပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဖြေကြားထားပါကြောင်း။

ဖလုံဘူတာကျေးရွာအုပ်စု အလယ်မြောင်ကျေးရွာသည် ၁၉၆၁ ခုနှစ်ခန့်မှစ၍ ၁၆ ကေခန့်ရှိသည့် ကျေးရွာအဖြစ်လည်းကောင်း၊ ကြို့ပင်ကျေးရွာသည် ၁၉၈၃ ခုနှစ်ခန့်မှစ၍ ကေ ၃၀ ခန့်ရှိသည့် ကျေးရွာအဖြစ်လည်းကောင်း၊ ရေတွင်းကုန်းကျေးရွာအုပ်စု အေးမြသာယာကျေးရွာသည် ၂၀၀၇ ခုနှစ်ခန့်မှစ၍ ၁၇ ဒသမ ၅၀ ကေခန့်ရှိသည့် ကျေးရွာအဖြစ်လည်းကောင်း တည်ရှိကြပြီး အဆိုပါကျေးရွာ သုံးရွာသည် မာဂရီသစ်တောကြိုးဝိုင်းအတွင်း ပါဝင်နေကြပါကြောင်း။

သစ်တောဧရိယာမြေမှပယ်ဖျက်၍ ကျေးရွာမြေအဖြစ် ဆောင်ရွက်လိုသည့် ကျေးရွာ ခုနစ်ရွာသည် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်ထားသည့် ကျေးရွာများစာရင်းတွင် မပါဝင်ပါကြောင်းနှင့် ယင်းကျေးရွာ ခုနစ်ရွာအနက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သစ်တောကြိုးဝိုင်းမြေအဖြစ် ပယ်ဖျက်ပေးနိုင်ခြင်းမရှိသည့် ကင်းပတီးကျေးရွာအုပ်စု လိပ်လှေ့ကျေးရွာ (ယခုမြိုင်ဟောဝန်ကျေးရွာ)မှလွဲ၍ ကျန်ခြောက်ရွာအား သစ်တောကြိုးဝိုင်းမြေမှကျေးရွာမြေအဖြစ် ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးရာမွေလရှဲန်၏ **ရှမ်းပြည်နယ် မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာအုပ်စု ရှေခင်ကျေးရွာ ကြိုးတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက လက်ရှိတံတားသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် စတင်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့က ပစ္စည်းထောက်ပံ့ပေးပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ သန်း၊ ကျေးရွာမှ ထည့်ဝင်ငွေကျပ် ၃၂ သန်းနှင့် ကျေးရွာလူထုလုပ်အားဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒေသတွင်း လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ လိုအပ်ပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအပေါ် အခြေခံပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့ပေါင်းစပ်၍ ကျေးရွာ၊ အိမ်ခြေ၊ လူဦးရေ၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကိုင်းတောကြီးကျေးရွာရှိ တောင်မန်းမြောင်းတောင် ၇ ဒသမ ၆ မိုင် (ပေတိုင်အမှတ် ၄၁၀၀၀)နှင့် ၈ မိုင် (ပေတိုင်အမှတ် ၄၂၀၀၀) ကြားရှိ ပေါင်းတံတားအထိ ၂ ဒသမ ၂ မိုင် အရှည်ရှိသော ကုန်ထုတ်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကိုင်းတောကြီးကျေးရွာ ကုန်ထုတ်လမ်း၏ လက်ရှိလမ်းအကျယ်သည် ပျမ်းမျှ ၁၀ ပေခန့်သာရှိပြီး ကုန်ထုတ်လမ်းဖောက်လုပ်ရန် လမ်းနယ် အကျယ်ပေ ၃၀ ရှိရန် လိုအပ်ပါကြောင်း၊ လမ်းအကျယ်ပြည့်မီစေရန်အတွက် သက်ဆိုင်ရာ တောင်သူများ၊ ကျေးရွာလမ်းကော်မတီများနှင့် မြေနေရာရရှိရေးကို လွှတ်တော်ကိုယ်စားလှယ်က စည်းရုံးဆောင်ရွက်ပေးရန် မေတ္တာရပ်ခံအပ်ပါကြောင်း။

မြေနေရာရရှိပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကြိုအင်ဂျင်နီယာလုပ်ငန်းများဖြစ်သည့် ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်းနှင့် အသေးစိတ်ခန့်မှန်းခြေ တွက်ချက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

စာမျက်နှာ ၈ သို့ ❍

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၂

သဘာဝ ပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိသည်။

ယနေ့တွင် ၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီးဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အမှာစကားပြောကြားရာတွင် “ဥတုရာသီ တောကိုမှီ” ဆိုသည့်စကားအတိုင်း သစ်ပင်များ စိုက်ပျိုးခြင်းသည် ရာသီဥတုကို ထိန်းညှိပေးနိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကိုလည်း များစွာအကျိုးသက်ရောက်စေခြင်းဖြစ်၍ အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် သစ်ပင်၊ သစ်တောကဏ္ဍကို တပ်မတော် အနေဖြင့်လည်း အလေးထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင် စိုက်ပျိုးပေးစဉ်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



သဘာဝရာသီဥတုက သစ်ပင်သစ်တောများကို ရှင်သန်စေပြီး သစ်ပင်သစ်တောများက ကောင်းမွန်သည့် သဘာဝရာသီဥတုကို ပြန်လည်ထိန်းညှိပေးနိုင်ခြင်းပင် ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ရာသီဥတုကတစ်ဆင့် လူသားများ၏ သက်ရှည်ကျန်းမာရေးကို များစွာအထောက်အကူပြုနေသလို ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားရေးအတွက်လည်း များစွာ အထောက်အကူပြုနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်ပင်သစ်တော၊ သဘာဝရာသီဥတုနှင့် သက်ရှိမျိုးစုံတို့၏ သက်ရှည်ကျန်းမာရေးဆိုသည့် အကျိုးဆက်ကောင်းများဖြစ်ပေါ်ရန် သစ်ပင်စိုက်ပျိုးခြင်းသည် အခြေခံအကျဆုံးနှင့် အကောင်းဆုံးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ယနေ့ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်များနှင့် မကြာခဏ ကြုံတွေ့နေကြသည်ကို တွေ့မြင်ရမည်ပင် ဖြစ်ကြောင်း၊ တစ်နေ့ထက်တစ်နေ့ ကမ္ဘာကြီးသည် ပိုမိုပူနွေးလာသည်ကို ခံစားသိမြင်ကြရမည်ဖြစ်ပြီး ထိုသို့ဖြစ်ပေါ်လာရခြင်းသည် သစ်ပင်သစ်တောများ ပြုန်းတီးလာမှုကို တိုက်ရိုက်ညွှန်းဆို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၀၉-၂၀၁၀ ပြည့်နှစ် ကာလများတွင် အပူပိုင်းဒေသများဖြစ်သည့် စစ်ကိုင်း၊ မြင်းမူဒေသများသည် စံချိန်တင် အမြင့်ဆုံးအပူချိန်ကို ခံစားခဲ့ရပြီး ၂၀၂၄ ခုနှစ်တွင် ချောက်၊ မန္တလေးနှင့် ညောင်ဦးဒေသများတွင် အမြင့်ဆုံးအပူချိန်များကို ခံစားခဲ့ရကြောင်း မိုးလေဝသမှတ်တမ်းများအရ သိရှိရကြောင်း၊ အမြင့်ဆုံး စံချိန်တင် အပူချိန်များကို ခံစားရသည်နှင့်အမျှ လူသားတို့၏ သက်ရှည်ကျန်းမာရေး အပြင် စိုက်ပျိုးရေး သောက်သုံးရေစသည့် ကဏ္ဍများမှာပါ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် ခံစားလာကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် “နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့” ဆိုသည့် မူဝါဒနှင့်အညီ သစ်ပင်သစ်တောကဏ္ဍ ပြည့်စုံကြွယ်ဝရေးမှသည် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအထိ မျှော်မှန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။



နေပြည်တော် ဇေယျာသီရိမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

သယံဇာတဆိုသည်မှာ သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးနိုင်သည့် သယံဇာတရှိသကဲ့သို့ ပြန်လည်မပြည့်ဖြိုးသည့် သယံဇာတများလည်း ရှိကြောင်း၊ အဆိုပါ သယံဇာတများအနက် သစ်ပင်သစ်တောများ သည် ပြန်ပေါက်တောဆိုသည့် သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးလာတတ်သည့် သဘာဝသယံဇာတတစ်ခုပင်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောများကိုစိုက်ပျိုးထိန်းသိမ်းခြင်းနှင့်အတူ လူသားများ၏ သက်ရှည်ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် လူသားသဘာဝကို ကောင်းမွန်စွာ တည်ဆောက်နိုင်သကဲ့သို့ သားရဲတိရစ္ဆာန်များ၏ မျိုးသုဉ်းပျောက်ကွယ်ခြင်းမှ လည်း ကာကွယ် ထိန်းသိမ်းရာရောက်ကြောင်း။

ယခု ပေါ်ပေါက်လာခဲ့သည့် ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေသကဲ့သို့ မြို့ပြအင်္ဂါရပ်များ ဖွံ့ဖြိုးရေးကိုလည်း အရှိန်အဟုန်နှင့် ဆောင်ရွက်လျက် ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

မြို့ပြ၊ ကျေးလက်များ၏ ပြင်ပဖြစ်သည့် မြေလွတ်မြေရိုင်းများတွင် သစ်ပင်သစ်တောများ ပြည့်ဖြိုးရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်နေသလို မြို့ပြ၊ ရပ်ကွက်၊ ကျေးရွာများ၊ အများသူငါသွားလာနေကြသည့် လမ်းမကြီးများ၊ တပ်ရင်းတပ်ဖွဲ့များ၏ အဆောက်အအုံများအနားတွင် လေပြင်းဒဏ်ကို ကာကွယ်နိုင်ရန် အရိပ်ရလေကာပင်များ၊ နှစ်ရှည်စားသုံးသီးနှံပင်များကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျစိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ သို့မှသာ သစ်ပင်သစ်တောများကြောင့် မြို့ပြအင်္ဂါရပ်ကို ထိခိုက်စေနိုင်မည့် အကြောင်းတရားများကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထာဝစဉ်ဆောင်ရွက်ပေးနေသည့် ကာကွယ်ရေးအင်အားစုကြီးတစ်ရပ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံတော်အပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များကို လည်း ကြိုတင်မြော်တွေးပြီး ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းစဉ်များပင်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဂေဟစနစ် မပျက်စီးရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို နှစ်စဉ်ပုံမှန်ဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် စသည့်ရည်ရွယ်ချက်ကောင်းများနှင့် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ တပ်မတော်အနေဖြင့် ကောင်းမြတ်သည့် ရည်မှန်းချက်များနှင့် သစ်ပင်စိုက်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပစိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေများ၊ တပ်ရင်း/တပ်ဖွဲ့ နယ်မြေဒေသ အသီးသီးတွင် သစ်ပင်စိုက်ပွဲများ ကျင်းပပြီး အားကြိုးမာန်တက် စိုက်ပျိုးနေကြသကဲ့သို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ အနေဖြင့်လည်း ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပွဲအထိ သစ်ပင်စိုက်ပွဲ စုစုပေါင်း ၄၄ ကြိမ် ကျင်းပခဲ့ပြီး ရတနာတန်းဝင်ပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်စသည့် အပင်မျိုးစုံ ၂၀၈၄၂၅ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကျင်းပသည့် ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်ပင် စုစုပေါင်း ၂၄၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

သစ်ပင် စိုက်ပျိုးပွဲများ ကျင်းပရာတွင် စီစဉ်ကြီးကြပ်သည့် သူများအနေဖြင့် ဒေသအတွက် အမှန်တကယ် သစ်တောဖုံးလွှမ်းမှု လိုအပ်ချက်ရှိနေသည့် နေရာများကို **စာမျက်နှာ ၁၀ သို့**

÷ စာမျက်နှာ ၉ မှ

အကြိမ်အရေအတွက် အလိုက် စနစ်တကျစိစစ်ပြီး ကနဦးရွေးချယ်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီး မြေနေရာအလိုက်စိုက်ပျိုးပြီးခဲ့သည့် နေရာများတွင် သစ်ပင်သစ်တောများ၏ ရှင်သန်ကြီးပြင်းမှုကိုလည်း ထိန်းသိမ်းသွားကြရန် အထူးလိုအပ်ကြောင်း၊ သို့မှသာ နှစ်အလိုက် စိုက်ပျိုးပြီးသမျှ ရှင်သန်ကြီးထွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အနှစ်သာရရှိရှိ အထောက်အကူ ပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင် စိုက်ပျိုးပေးကြသည်။ ယင်းနောက် အခမ်းအနား တက်ရောက် လာကြသူများက သတ်မှတ်နေရာ အသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီ သစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၁၁၂၃၅ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၃၄၉၃ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၄၄၉၅ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၂၉၇ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၁၆၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၂၉၇၉ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၅၆၈၃ ပင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၌ ၁၄၆၄၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၄၉၀၅၃ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၉၁၃၃ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၁၃၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၇၁၂၀၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၄၇၉၈၇ ပင်နှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၁၂၈၆၁ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံး အနေဖြင့် ယနေ့တွင် စုစုပေါင်း သစ်ပင် ၂၃၅၆၇၄ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## အမျိုးသမီးငယ်ကို တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပါက အစစအရာရာ အဆင်ပြေကြောင်း လိမ်လည်စည်းရုံးပြောဆိုကာ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၂၂

အမျိုးသမီးငယ်ကို တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပါက အစစအရာရာအဆင်ပြေကြောင်း လိမ်လည်စည်းရုံးပြောဆိုကာ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ အမှတ်(၇) ရပ်ကွက်နေ မ----(၂၄)နှစ် သည် ခင်မင်ရင်းနှီးသူ မဝတ်ရည်စိုး(ခ) အငယ်မ(လိပ်စာတူ)ထံ အလုပ်လုပ်ကိုင်လိုကြောင်းပြောကြားရာ လာအိုနိုင်ငံရှိ တရုတ်သူဌေးထံတွင် အငှားကိုယ်ဝန်ဆောင်ပေးလျှင် အေးအေးဆေးဆေးနေနိုင်မည်ဖြစ်ကြောင်း လိမ်လည်စည်းရုံးပြောဆိုသဖြင့် အမျိုးသမီးငယ်မှ သဘောတူခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အမျိုးသမီးငယ်အား တာချီလိတ်မြို့မှတစ်ဆင့် လာအိုနိုင်ငံသို့ပို့ဆောင်ခဲ့ရာ အဆင်မပြေသဖြင့် ကျိုင်းတုံမြို့သို့ပြန်လာခဲ့ကြောင်း။

ထို့နောက် မဝတ်ရည်စိုး(ခ)အငယ်မမှ တရုတ်နိုင်ငံရှိ နားကြပ်စက်ရုံတွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် တရုတ်ယွမ် ၄၅၀၀ ခန့် ရမည်၊ အစစအရာရာအဆင်ပြေမည်ဟု ထပ်မံလိမ်လည်စည်းရုံးပြောဆိုခဲ့ပြီး ကျိုင်းတုံမြို့အနီးရှိ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံ ခန့်နန်မြို့သို့ ပို့ဆောင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသားနှစ်ဦးထံတွင် တရုတ်ဇနီးမယားအဖြစ် အဆင့်ဆင့်ရောင်းစားခံခဲ့ရသော်လည်း အခကြေးငွေရရှိခြင်းမရှိခဲ့ကြောင်း၊ ဒုတိယတရုတ်အမျိုးသားနှင့် ပေါင်းသင်းနေထိုင်စဉ် တရုတ်ရဲတပ်ဖွဲ့မှ ရောက်ရှိစစ်ဆေးခဲ့ရာ တရုတ်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုဖြင့် ကိုးလခန့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရောက်ရှိခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(နေပြည်တော်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ လယ်ဝေးမြို့မရဲစခန်း(ပ)၂၁၇/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇွန် ၁၈ ရက်တွင် လယ်ဝေးခရိုင်တရားရုံးမှ မဝတ်ရည်စိုး(ခ) အငယ်မအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ ဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## PDF အမည်ခံ အကြမ်းဖက်သမားများက ရေစကြိုမြို့နယ် ဖူလုံကျေးရွာရှိ စာသင်ကျောင်းအတွင်းသို့ Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်

နေပြည်တော် ဇွန် ၂၂

အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်လျက်ရှိကြသည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဖူလုံကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ဖူလုံ) အား Drop Bomb များဖြင့် အကြောင်းမဲ့ ပစ်ချတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ကျောင်းဝင်းအပြင်ဘက် မျက်နှာစာနေရာတွင် ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ အဆိုပါဗုံးသီး



ရေစကြိုမြို့နယ် ဖူလုံကျေးရွာ အထက၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ Drop bomb ချတိုက်ခိုက်ခဲ့၍ ကျရောက်ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ကျရောက် ပေါက်ကွဲခဲ့ခြင်းကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။ PDF အမည်ခံ အကြမ်းဖက်သမားများသည် ယခုကဲ့သို့စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များ မဟုတ်သဲ့ ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေသည့် ပညာရေးဆိုင်ရာ အဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းသည် ဂျီနီဗာ ကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဝေါမြို့နယ်၌ ကရင်ပြည်နယ်သို့ သယ်ဆောင်သည့် ငွေကျပ် ၆၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၅ တန်ကျော်နှင့် စိတ်ကြွဆေးပြား ခြောက်သန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၂

ဝေါမြို့နယ်တွင် ကရင်ပြည်နယ်သို့ သယ်ဆောင်သည့် ငွေကျပ် ၆၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၅ တန်ကျော်နှင့် စိတ်ကြွဆေးပြား ခြောက်သန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇွန် ၉ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် ယာဉ်မောင်း စိုင်းမောင်မောင်မောင်းနှင်ပြီး မြတ်နိုးအောင် လိုက်ပါလာသည့် FAN အမျိုးအစား ၂၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသည့် ဒေသတန်ဖိုးငွေကျပ် ၆၂ ဒသမ ဝ၇၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၅၁ တန်၊ စိတ်ကြွဆေးပြား ၆ ဒသမ ၁၅ သန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများအား ပျဉ်းမနားမြို့နယ်မှ ဘားအံသို့ သယ်ဆောင်ခိုင်းသူမှာ တောင်ငူမြို့ ထီးလှိုင်(၁)ရပ်ကွက်နေ အောင်ဇေယျဖြိုး(ခ) ကျော်သူရ(ခ) သူရ(ခ)ကြက်ခေါင်း(ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို



ပြစ်မှုကျူးလွန်သူ မြတ်နိုးအောင်နှင့် စိုင်းမောင်မောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ ကောင်းမှုတုံရပ်ကွက်၊ ဆင်ဖြူလမ်းရှိ KTV မီးလောင်မှုဖြစ်ပွား

**မူဆယ် ဇွန် ၂၂**

ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်၊ ဆင်ဖြူလမ်း၌ ပေ(၁၀၀×၅၀) Steel Structure သုံးထပ် KTV အဆောက်အအုံတွင် ဇွန် ၁၉ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ရေခဲသေတ္တာ Safeguard အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မူဆယ်ခရိုင်၊ မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ် ၁၆ စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ(၁၀၀×၅၀) Steel Structure သုံးထပ် အဆောက်အအုံ တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင်ဖြစ်သူအား မူဆယ်မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဇွန် ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Wutt Hmone Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကြိုးကြာကျေးရွာနေ ဝတ်မှုံဦးအား မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ထုံးဘိုနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

# နိုင်ငံတကာ အားကစား သတင်းများ



## ဂွန်ကာလိုအိုလီဗီယာကို ရင်းနက်စ်အသင်း ခေါ်ယူ

**ပါရီ ဇွန် ၂၂**

ပြင်သစ်လီဂူးကလပ် ရင်းနက်စ်အသင်းသည် ဘင်ဖီကာအသင်း နောက်ခံကစားသမား ဂွန်ကာလိုအိုလီဗီယာကို ပြောင်းရွှေ့ကြေး ယူရို ၃၁သမ ၅ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ရင်းနက်စ်အသင်းနှင့်အတူ ၂၀၃၁ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ဂွန်ကာလိုအိုလီဗီယာသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရမှုကြောင့် ရင်းနက်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



ရင်းနက်စ်အသင်းသည် လက်ရှိ ဈေးကွက်အတွင်းတွင် ကစားသမား သုံးဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**

## အလက်ဇန်ဒရိုရီဂို ဘီလ်ဘာအိုအသင်း သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဇွန် ၂၂**

စပိန်လာလီဂါကလပ် ဘီလ်ဘာအိုအသင်းသည် အသင်းကွင်းလယ်ကစားသမား အလက်ဇန်ဒရိုရီဂိုကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဘီလ်ဘာအိုအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၈ ပွဲကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ အလက်ဇန်ဒရိုရီဂိုက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ လာမည့် ဘောလုံးရာသီမှာ အောင်မြင်မှုတွေလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အောက်ပုံ)**

**(NGB)**




### ၂၀၂၆ ကမ္ဘာ့ဖလား (အုပ်စုပွဲစဉ်များ) — နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၂၃-၆-၂၀၂၆ ညၥ၁း၃၀နာရီ | K | ပေါ်တူဂီ - ဥဇဘက်ကစ္စတန် |
| ၂၄-၆-၂၀၂၆ နံနက်၀၂း၃၀နာရီ | L | အင်္ဂလန် - ဂါနာ |
| ၂၄-၆-၂၀၂၆ နံနက်၀၅း၃၀နာရီ | L | ပနားမား - ခရိုအေးရှား |
| ၂၄-၆-၂၀၂၆ နံနက်၀၈း၃၀နာရီ | K | ကိုလံဘီယာ - ဒီအာကွန်ဂို |

## အီဂျစ်အသင်းက နယူးဇီလန်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၂၂**

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (G)ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်း ကမ္ဘာ့အဆင့်(၂၉)ရှိ အီဂျစ်အသင်းနှင့် ကမ္ဘာ့အဆင့် (၈၅)ရှိ နယူးဇီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီဂျစ်အသင်းက နယူးဇီလန်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အီဂျစ်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၅၈ မိနစ်တွင် ဇစ်ကို၊ ပွဲချိန် ၆၇ မိနစ်တွင် ဆာလာ၊ ပွဲချိန် ၈၂ မိနစ်တွင် ထရာဇီဂေးတို့က အသီးသီးသွင်းယူပေးခဲ့သည်။

အီဂျစ်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (G)တတိယပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၇ရက်တွင် အီရန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

## ရာဖင်ဟာ ပေါင်ခြံဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲ လွဲချော်ဖွယ်ရှိ

**လန်ဒန် ဇွန် ၂၂**

ဘရာဇီးအသင်း တောင်ပံကစားသမား ရာဖင်ဟာ ပေါင်ခြံဒဏ်ရာကြောင့် ၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်သွားဖွယ်ရှိနေသည်။

အဆိုပါ တောင်ပံကစားသမားသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်အဖြစ် ဘရာဇီးအသင်းက ဟေတီအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တောင်ပံကစားသမား ရာဖင်ဟာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘရာဇီးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တောင်ပံကစားသမား ရာဖင်ဟာသည် ဘရာဇီးအသင်းနှင့်အတူ ၂၀၂၁ မှ ၂၀၂၆ ခုနှစ်အထိ နိုင်ငံတကာ ပွဲပေါင်း ၄၁ ပွဲကစားကာ ၁၁ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

**(အောက်ပုံ) (NGB)**



## လိုင်ယာကိုဒီနာ ဝက်စ်ဟမ်းအမျိုးသမီးအသင်းတွင် ကျောနံပါတ် (၅)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇွန် ၂၂**

နောက်ခံကစားသမားသစ် လိုင်ယာကိုဒီနာ ဝက်စ်ဟမ်းအမျိုးသမီးအသင်းတွင် ကျောနံပါတ် (၅)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် အာဆင်နယ်အမျိုးသမီးအသင်းမှ ဝက်စ်ဟမ်းအမျိုးသမီးအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် သုံးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား လိုင်ယာကိုဒီနာသည် အာဆင်နယ်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၆၀ ကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ လိုင်ယာကိုဒီနာက "ကျွန်မ ဝက်စ်ဟမ်းအမျိုးသမီးအသင်းမှာ ကျောနံပါတ် (၅)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ)**

**(NGB)**

0-0-0-0-0-0-0-0




## ရိုင်ယန်မန်ဒက်စ် ကိပ်ဗာဒီအသင်းကစားသမားဘဝ ပွဲပေါင်း (၁၀၀)ပြည့်မြောက်

**လန်ဒန် ဇွန် ၂၂**

ကိပ်ဗာဒီအသင်း တောင်ပံကစားသမား ရိုင်ယန်မန်ဒက်စ်သည် အသင်းကစားသမားဘဝ နိုင်ငံတကာပွဲပေါင်း (၁၀၀) ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်အဖြစ် ကိပ်ဗာဒီအသင်းနှင့် ဥရုဂွေးအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။ **(ယာပုံ)**

တောင်ပံကစားသမား ရိုင်ယန်မန်ဒက်စ်သည် ကိပ်ဗာဒီအသင်းနှင့်အတူ ၂၀၁၀ မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ပွဲ ၁၀၀ ကစားကာ ၂၂ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၆)နှစ်အရွယ်ရှိ ရိုင်ယန်မန်ဒက်စ်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အသင်းနဲ့အတူ ယခုလို မှတ်တမ်းတွေအပြင် ရလဒ်ကောင်းတွေရရှိဖို့လည်း ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**




## 2026 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Frances Tiafoe ဆွတ်ခူး

**မြူးနစ် ဇွန် ၂၂**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်တင်းနစ်ကစားသမား Frances Tiafoe က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်ကစားသမား Frances Tiafoe သည် 2026 Istanbul Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် တစ်နိုင်ငံတည်းနေသူ တင်းနစ်ကစားသမား Taylor Fritz ကို ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ Frances Tiafoe က "ကျွန်တော် အခုလို 2026 Istanbul Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးတစ်ယောက်ချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**(အောက်ပုံ)**

**(NGB)**



## မက်စ်အယ်လစ်စတာကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် ဇွန် ၂၂**

ရီးရဲလ်မက်ဒရစ်အသင်းသည် လီဗာပူးအသင်း ကွင်းလယ်ကစားသမား မက်စ်အယ်လစ်စတာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၅၀ ကစားပြီး ၁၉ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

လီဗာပူးအသင်းကလည်း မက်စ်အယ်လစ်စတာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လီဗာပူးအသင်းထံမှ မက်စ်အယ်လစ်စတာကို ခေါ်ယူသွားနိုင်မည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



# ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမျိုးသားဘော်လီဘောအသင်းနှင့် ဒုတိယဆုရရှိခဲ့သည့် အမျိုးသမီးဘော်လီဘောအသင်းတို့အား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကျင်းပ






**မန္တလေး ဇွန် ၂၂**

၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမျိုးသား ဘော်လီဘောအသင်းနှင့် ဒုတိယဆုရရှိခဲ့သည့် အမျိုးသမီး ဘော်လီဘောအသင်းတို့အား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အုပ်ချုပ်သူနည်းပြများ၊ အောင်ပွဲရအားကစားသမားများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး အောင်ပွဲရမန္တလေးတိုင်းဒေသကြီး ဘော်လီဘောအသင်းမှ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမားများက တစ်ဦးချင်းမိတ်ဆက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘော်လီဘောပြိုင်ပွဲတွင် ပထမတံခွန် စိုက်ဆုဖလား ရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမျိုးသား ဘော်လီဘောအသင်းနှင့် ဒုတိယဆုရရှိခဲ့သည့် အမျိုးသမီးဘော်လီဘော အသင်းတို့အား တိုင်းဒေသကြီးဂုဏ်ကို ဆောင်နိုင်ခဲ့သည့်အပေါ် ဂုဏ်ပြုစကားများပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ ပထမတံခွန်စိုက် ဆုဖလားရရှိခဲ့သည့် အမျိုးသားဘော်လီဘောအသင်းမှ တာဝန်ရှိသူများက ပထမတံခွန်စိုက်ဆုဖလားကို အပ်နှံခဲ့ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အောင်ပွဲရအသင်းအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ပြီး တိုင်းဒေသကြီး အမျိုးသား ဘော်လီဘောအသင်းမှ အုပ်ချုပ်သူက ပြိုင်ပွဲအတွေ့အကြုံများနှင့် ကျေးဇူးတင်စကားများကို ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

**စဉ့်ကိုင် ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အထက(စဉ့်ကိုင်)ကျောင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်းရှိ သဇင်ခန်းမ၌ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။ (ဓါတ်ပုံ)



ရှေးဦးစွာ အလှူငွေ ပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည့် အချက်များနှင့်ပတ်သက်၍ ပြောကြားခဲ့ပြီး စာသင်ကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအကျိုးတော်ဆောင်ကော်မတီနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်နှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး ကျောင်းအကျိုးတော်ဆောင်ကော်မတီ ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းဝန်းအတွင်းရှိ စာသင်ကျောင်းဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

## အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသင့်ပြင်ဆင်ထားရှိ

**ညောင်ဦး ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး ၊ ညောင်ဦးခရိုင် ၊ ညောင်ဦးမြို့နယ် မီးသတ် ဦးစီးဌာနက ဒေသတွင်း ရေဘေးအန္တရာယ်နှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ယနေ့ နံနက်ပိုင်းတွင် ညောင်ဦးမြို့ အမှတ်(၁) သာယာဝတီရပ်ကွက်၊ ဧရာဝတီမြစ် သင်္ဘောဆိပ်ကမ်း၌ ကူညီ ကယ်ဆယ်ရေး ရေယာဉ်များ အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း မြို့နယ်မီးသတ် ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။

ထိုသို့ ပြည်သူ့အကျိုးပြု ရေပြင်အသက်ကယ်ဆယ်ရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးဆောင်မှုဖြင့် အသင့်စုဖွဲ့ထားရှိသော ရှာဖွေကူညီ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ညောင်ဦးမြို့ အမှတ်(၁) သာယာဝတီရပ်ကွက်ရှိ ဧရာဝတီမြစ် သင်္ဘောဆိပ်ကမ်းသို့ သွားရောက်၍ ဌာနပိုင် Assault Boat ရေယာဉ်အား စမ်းသပ်လှေကျင့် မောင်းနှင်ခြင်း၊ ရေယာဉ်အသင့်ပြင်ဆင် နေရာချထားခြင်းတို့ကို စနစ်တကျ စုပေါင်းဆောင်ရွက်ခဲ့ကြပြီး မြစ်ကမ်းဘေးတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ရေဘေးအန္တရာယ်ကင်းဝေးစေရန် ရှောင်ကြဉ်သတိပြုရမည့်အချက်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(၄၄၅)**

## စားသုံးသူရေးရာ အသိပညာပေး Talk Show ဆောင်ရွက်

**သရက် ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် စားသုံးသူရေးရာအသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပဆောင်ရွက်ခဲ့သည်။ (ယာပုံ)

အဆိုပါ Talk Show တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျွမ်းကျင်-၃ ရုပ်သံ ဒေါ်ဇာခြည်လွင်နှင့် စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့ယဉ်ဝင်းတို့က စီးပွားရေး လုပ်ငန်းရှင်များ၏ တာဝန်များအကြောင်း၊ ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်များ၊ ကုန်စည် ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ရောင်းချခြင်းဆိုင်ရာ တားမြစ်ချက်များနှင့် စားသုံးသူတွေ နစ်နာဆုံးရှုံးမှုများ ဖြစ်လာပါက တိုင်ကြားနိုင်သည့် နည်းလမ်းများတို့ စုံလင်စွာဖြင့် ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ကျောက်ဆည်ခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်





**မန္တလေး ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ကျောက်ဆည်ခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုးစပါးနှင့် မိုးနှမ်း စိုက်ပျိုးတောင်သူများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် အင်ဒိုင်းကျေးရွာအုပ်စုနှင့် မြစ်သားမြို့နယ် ကူမဲမြို့ နည်းပညာပြန့်ပွားရေးစင်တာတွင် မိုးစပါးစိုက်ပျိုးမည့်တောင်သူများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မှုရရှိရေးအတွက် နိုင်ငံတော်က အဓိကသီးနှံ ၁၀ မျိုးကို သီးနှံအလိုက်ရည်မှန်းချက်ပန်းတိုင်အတွက်နှုန်းများ သတ်မှတ်ပေးကာ လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရည်မှန်းချက် ပန်းတိုင်အတွက် နှုန်းပြည့်မီရေး တောင်သူများ ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ သတ်မှတ် ပန်းတိုင်အတွက်နှုန်း ရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ဟန်ချက်ညီစွာရရှိ ရန် လိုအပ်ပြီး ခေတ်မီစိုက်ပျိုးနည်းစနစ်များကို တွင်ကျယ်စွာ ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ နိုင်ငံတော်က အဓိကဆောင်ရွက်နေသော (Rice Export Zone) လုပ်ငန်းတွင် တိုင်းဒေသကြီး အတွင်း မပါရှိသေးသော်လည်း မြစ်သားမြို့နယ်ရှိ အဆိုပါဇုန်ဧရိယာများတွင် အသုံးပြုမည့် စပါးမျိုးများအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဧက(၇၀၀) စိုက်ပျိုးထုတ်လုပ်နေပြီဖြစ်ပါကြောင်း၊ စပါးသီးနှံသာမက သုံးသီးစိုက်ပျိုးသွားနိုင်ရန် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာ ဖူလုံရေး၊ စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးတို့အတွက် အစိုးရအဖွဲ့အစည်း၊ သက်ဆိုင်ရာဌာနများနှင့် တောင်သူများ အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး သက်ဆိုင်ရာဌာနများမှ ရှင်းလင်းတင်ပြချက်များ၊ တောင်သူများမှ ကြုံတွေ့နေရသည့် အခြေအနေများနှင့် တာဝန်ရှိသူများမှ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် နွေစပါးရိတ်သိမ်းနေမှုနှင့် မိုးစပါးစိုက်ပျိုးရန် မြေပြုပြင်ခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့သည်။



ငင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်ရှိ ရွှေတောင်ဝါ သီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံတွင် ကင်းတားလက်ဝဲမြောင်းသောက် မိုးစပါးစိုက်ပျိုးတောင်သူများနှင့် ရွှေတောင်ကျေးရွာတွင် မိုးနှမ်း စိုက်ပျိုးတောင်သူများအားတွေ့ဆုံပြီး စမုံရေငုပ်ပြွန် အောက်ပိုင်းရှိ စိုက်ဧကများအား စိုက်ပျိုးရေအပြည့်အဝ ပြန်လည်ပေးဝေနိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် နေရာပြောင်းရွှေ့တည်ဆောက်နေရသည့် ကင်းတားလက်ဝဲမြောင်း ရေငုပ်ပြွန်(စမုံရေငုပ်ပြွန်)အသစ် ပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေ၊ စိုက်ပျိုးရေအတွက် အချိန်မီပေးဝေနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ မိုးစပါး တစ်ဧက အထွက်နှုန်းတိုးတက်ရရှိရန်အတွက် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်အသုံးပြုသွားရေး၊ စိုက်ပျိုးနည်းစနစ်များနှင့် ရေသွင်း၊ ရေထုတ်ခြင်းများကိုလည်း စနစ်တကျလိုက်နာကျင့်သုံးသွားရေး၊ ကျေးရွာအဆင့် စုပေါင်းထုတ်လုပ်မှုအဖွဲ့များ ဖွဲ့စည်းပြီး စုပေါင်းစိုက်ပျိုးခြင်း၊ စုပေါင်းရောင်းချခြင်းများကို ကြိုးစားဆောင်ရွက်သွားရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းနည်းလမ်းလေးသွယ် ပြည့်စုံရန် လိုအပ်သည့်အပြင် သီးထပ်စိုက်ပျိုးခြင်းများကိုလည်း ပိုမိုဖြစ်ထွန်းလာအောင် ပိုင်းဝန်းကြိုးပမ်းသွားကြရေးတို့ကို ပြောကြားပြီး တောင်သူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ခြံအတွင်း (၄၁)ဧက စိုက်ပျိုးထားသည့် ပိုက်ဆံလျှော်စိုက်ခင်းတွင် ပိုက်ဆံလျှော်သစ်စိမ်း မြေဩဇာများအဖြစ်ထယ်ထိုး မြေမြှုပ်ခြင်းဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတောင်ကျေးရွာ ကွင်းအမှတ် (၁၂၃)သို့ သွားရောက်ပြီး တောင်သူ ဦးအောင်ကျော်မိုး၏ ကန်ရှိအမျိုးအစားနှမ်းစိုက်ဧက ၃ ဒသမ ၆ ဧက စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှု၍ တောင်သူများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှက်ဖျန်းမြေဩဇာများကို တောင်သူများထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စမုံရေငုပ်ပြွန် အောက်ပိုင်းရှိ စိုက်ဧကများအတွက် စိုက်ပျိုးရေအပြည့်အဝပြန်လည်ပေးဝေနိုင်ရေး မန္တလေးလျှင်ကြီးကြောင့် နေရာပြောင်းရွှေ့တည်ဆောက်နေသည့် ကင်းတားလက်ဝဲတူးမြောင်း ပေတိုင် (၁၃၄,၂၀၀)ရှိ ရေငုပ်ပြွန် (စမုံရေငုပ်ပြွန်) အသစ် တည်ဆောက်နေမှုများကို ကွင်းဆင်းစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်သားမြို့နယ်ရှိ ကူမဲငါးလုပ်ငန်းစခန်းသို့ သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်(ပထမအကြိမ်) ကျင်းပပြုလုပ်




**မန္တလေး ဇွန် ၂၂**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ၂၀၂၆ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် (ပထမအကြိမ်) ကို ယနေ့နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်းတွင် ကျင်းပပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ သစ်ပင်စိုက်ပျိုးရန်အတွက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် နေရာယူကြ၍ တိုင်းမှူးက ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး တက်ရောက်လာသူများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် (ပထမအကြိမ်)ကို ယနေ့တွင် အသီးသီး ဆောင်ရွက်ခဲ့ကြရာ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ရတနာတန်းဝင်ပင် ၈၃၅၁ ပင်၊ နှစ်ရှည်စားသုံးသီးနှံပင် ၁၂၁၄၇ ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင် ၄၅၅ ပင်၊ အရိပ်ရလေကာပင် ၂၇၀၃၄ ပင် စုစုပေါင်း ၄၇၉၈၇ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(၀၃၈)



# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ထုတ်လုပ်နည်း သင်တန်းဆင်းပွဲကျင်းပ

**ဝမ်းတွင်း ဇွန် ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ယိုးဒယားကြိုးဖြင့် လူသုံးကုန်ထုတ်လုပ်နည်းသင်တန်းဆင်းပွဲကို ဇွန် ၂၀ ရက် နံနက်ပိုင်းက လိပ်တက်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ကိုကိုဦးက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် တက်ရောက်လာသော ဌာနဆိုင်ရာများက သင်တန်းသားများကိုဆုချီးမြှင့်ခြင်းနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ယိုးဒယားကြိုးဖြင့် လူသုံးကုန်ထုတ်လုပ်နည်းသင်တန်းကို ဝမ်းတွင်းမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ယိုးဒယားကြိုးဖြင့် လူသုံးကုန်ထုတ်လုပ်နည်း သင်တန်းနှင့်ပတ်သက်သော ဘာသာရပ်များကို နည်းပြဆရာများက စာတွေ့၊ လက်တွေ့ဖြင့် ဇွန် ၁၁ ရက်မှ ဇွန် ၂၀ ရက်အထိ ၁၀ ရက်ကြာ အခမဲ့ သင်ကြား ပို့ချပေးခဲ့ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ သိရသည်။ **အောင်ရဲကျော်**

# ပြည်သူများရေလုံလောက်စွာရရှိနိုင်ရေး ရေအားဖြည့်ဆင့်ပွားပိုက်များ ဆက်သွယ်ချထားဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး ဇွန် ၂၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရက်ကွက်၊ အကွက်(၅၁၄)အတွင်းရှိ ပြည်သူများ ရေလုံလောက်စွာရရှိနိုင်ရေးအတွက် ရေအားဖြည့်ဆင့်ပွားပိုက်များ ဆက်သွယ်ချထားဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနမှ သိရသည်။

ပြည်သူများအတွက် ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရက်ကွက်(၅၁၄)အတွင်း ပြည်သူများရေလုံလောက်စွာရရှိနိုင်ရေးအတွက် ရေအားဖြည့် ဆင့်ပွားပိုက်လိုင်း အချင်း ၁၁၀ မမ ပိုက်-၂၅၀ ပေ၊ အချင်း ၆၃ မမ HDPE ပိုက်-၈၇၅ ပေကို ဆက်သွယ်ချထားဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းမှုဌာနမှ ဒေါ်ခင်မေစီက ပြောသည်။

"ချမ်းအေးသာစံမြို့နယ်က ရပ်ကွက်ပေါင်း ၂၀ ရပ်ကွက်၊ အိမ်ခြေပေါင်း ၂၄၄၉၃ အိမ်၊ လူဦးရေ ၁ ဒသမ ၆၃ သိန်းရှိတယ်၊ နေ့စဉ်ရေလိုအပ်ချက်က ဂါလန်ပေါင်း ၅ ဒသမ ၇ သန်းကျော်ရှိပါတယ်။ ပြည်သူများရဲ့လိုအပ်ချက်အရ ကန်ကောက်ရပ်ကွက်မှာ အကွက် ၅၁၄ အတွင်း ရေရှိနိုင်ရေးဆောင်ရွက်ပေးနေပါတယ်။ ပြည်သူများ ရေလုံလောက်စွာ ရရှိနိုင်ပြီးကုန်ကျမှုသက်သာစွာ ရေရရှိစေဖို့နှင့် ရေလေလွင့်မှုမရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ပြည်သူများတင်ပြလာသည့် ရေလိုအပ်ချက်အပေါ်မူတည်၍ ဘတ်ဂျက်ငွေများ လျာထားပြီး နှစ်အလိုက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ချမ်းအေးသာစံအနေနဲ့ စီမံကိန်းတွေနဲ့ဆက်သွယ်ချထားတဲ့ ကွန်ယက်တွေပေါ်မှာပဲ ရေအားဖြည့်ခြင်းလုပ်ငန်းတွေကိုပဲ အဓိကထားပြီး သူပြည်တွေရဲ့ လိုအပ်ချက်တွေကို စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ နဂိုရှိပြီးသား ရေပိုက်လိုင်းကို ရေအားဖြည့်ဆင့်ပွားပိုက်ဆက်သွယ်ချထားပေးခြင်း ဆောင်ရွက်နေပါတယ်"ဟု ဒေါ်ခင်မေစီက ပြောသည်။

ရေပိုက်လိုင်းများ၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ ရေပိုက်ပေါက်များ၊ ရေမီတာများ ပြင်ဆင်ထိန်းသိမ်း ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအနေဖြင့် ရေနှင့်ပတ်သက်၍ အမှန် တကယ်လိုအပ်ချက်ရှိပါက MCDC website တွင် လိပ်စာနှင့် ဖုန်းနံပါတ် အပြည့်အစုံ ဖော်ပြပေးခြင်းဖြင့် အချိန်တိုအတွင်း အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀

၀-၀-၀



ကန်တော်ကြီး မန္တလာ ဥယျာဉ်သာယာ

ပန်းအလှဝေဝေဆာ အေးမြစွာအရိပ်၊

မန်းပျိုဖြူလှယဉ်ကျေးတို့ နားနေ ချွေးသိပ်။

သတင်း–စာမျက်နှာ ၁၃





# သာသနာ့အာဇာနည်သီလရှင်များအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

**ပုသိမ်ကြီး ဇွန် ၂၂**

သာသနာ့အာဇာနည်သီလရှင် ၁၅ ပါးအား ဂုဏ်ပြုပူဇော်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေရှိ ချမ်းမြရိပ်သီပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ကြသည်။

အစီအစဉ်အရ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရွှေကြေးစည်ဆရာတော်ဘဒ္ဒန္တဥတ္တမထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြကာ သာသနဓဇမွောစရိယဘွဲ့ရများဖြစ်ကြသော မဓမ္မစာရီသုဘဒ္ဒါလင်္ကာရ၊ မပဘာဝတီလင်္ကာရနှင့် မသိပ္ပဉာဏီတို့အားလည်းကောင်း၊ သာသနာ့လင်္ကာရ (၈)ဘွဲ့ တစ်ပါး၊ (၆)ဘွဲ့ နှစ်ပါး၊ (၅)ဘွဲ့ နှစ်ပါး၊ (၄)ဘွဲ့ လေးပါး၊ (၃)ဘွဲ့ နှစ်ပါး၊ (၁)ဘွဲ့ တစ်ပါးတို့အား တာဝန်ရှိသူများနှင့် အလှူရှင်များက ဘွဲ့လက်မှတ်နှင့် ဂုဏ်ပြုပူဇော်ငွေများ ဆက်ကပ်ကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာကြီးများကို ချမ်းမြရိပ်သီဓမ္မမိတ်ဆွေများအဖွဲ့က လှူဖွယ်များ ဆက်ကပ်လှူဒါန်းကြပြီး စာသင်တိုက် ပဓာနနာယကဒေါ်ခေမာစာရီ (သီလရှင်ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)က ကျေးဇူးတင်ဝမ်းမြောက်ကြောင်း လျှောက်ထား၍ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က ရေစက်ချအနုမောဒနာတရားချီးမြှင့်ကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(ကဆ)**



# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အသိပညာပေး (Talk Show) ကျင်းပ

**ချောက် ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေး (TalkShow)ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ချောက်မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်နှင့် ချောက်မြို့မရဲစခန်းမှူး ဒုရဲမှူးမင်းမင်းစိုးတို့က မူးယစ်ဆေးဝါးအမျိုးမျိုး၊ မူးယစ်ဆေးဝါး၏ သမိုင်းကြောင်းနှင့် သုံးစွဲပုံအဆင့်ဆင့်ပြောင်းလဲလာပုံများ၊ မူးယစ်ဆေးသုံးစွဲရခြင်း အကြောင်းအရင်းများ၊ မူးယစ်ဆေးဝါးဆိုးကျိုးများ၊ လူငယ်များမူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်ဆောင်ရန်ရှောင်ရန် အချက်များ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့်ပတ်သက်သည့် ဆောင်ရွက်မှုတို့ကို အပြန်အလှန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဝင်းအိမွန်(ပြန်/ဆက်)**




# အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်စကားဝိုင်း ကျင်းပ

**ကျိုင်းတုံ ဇွန် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဇွန် ၁၈ ရက်က အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းသန့်က နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံ့သားကောင်းရတနာများဖြစ်သည့် လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။




လူငယ်စကားဝိုင်းတွင် ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုင်းရွှေအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်အားကစား စသည့်ခေါင်းစဉ်များဖြင့် အချီအချသီးဆွေးနွေးခဲ့ကြရာ လူငယ်စကားဝိုင်း တက်ရောက်လာကြသည့်ကျောင်းသား၊ ကျောင်းသူများက စကားဝိုင်းအတွင်း အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## မန္တလာ

* လေးမျက်နှာ ဇယားရိုက်
တံတားစိုက် ရော၊
ဘုရားသိုက် ရွှေအညာဝယ်
ရေဇလာမြစ်ဘေး။
မဟာမုနိရောက်တိုင်း လှူမည်
အောက်ပိုင်းသူ ဖိတ်ခေါ် ဖို့တွေး။

* ဖြူဖြူဖုံး ထုံးစေတီရယ်
ကျုံးရေကြည် လွှမ်းသေး။
ဘုန်းရွှေပြည် နန်းသွေးနှင့်
မန္တလေးမြို့တော်။
ရန်ကင်းတောင် နန်းတော်ရှေ့က
ပန်းမော်အပြည့် အောင်ပင်လယ်ခေါ်။

* စက်ဘီးစီး လေညင်းဆော်လျှင်
ခြေချင်းဖော် ညီပြာညက်တို့
ခိုပါတစ်သက် ဘိုးဘွားရိပ်သာ
ရိုးသားစိတ်မှာ။
ဦးပိန်တံတား ဆက်ချီပါလျှင်
တက္ကသီလာ နီးပါပေ့လေး။ ။

ကဗျာဇော်ဝင်း(မဒ္ဒိမ)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့်ကုန်ရုံဌာန
## အိတ်ဖွင့်တင်ဒါထပ်မံခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ဝယ်ယူရေးလုပ်ငန်း၊ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင် စားသော ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ - (၂၂-၆-၂၀၂၆) မှ (၆-၇-၂၀၂၆)ထိ
(ခ) တင်ဒါသွင်းရမည့်နောက်ဆုံးရက်/အချိန် - (၆-၇-၂၀၂၆) ရက်၊ (၁၆:၀၀)နာရီ
(ဂ) တင်ဒါဖွင့်မည့်ရက် - (၉-၇-၂၀၂၆)ရက်၊ (ခန့်မှန်း)
(ဃ) တင်ဒါဖွင့်မည့်နေရာ - အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(င) တင်ဒါလျှောက်လွှာတစ်စုံဈေးနှုန်း

၁။ ဝယ်ယူရေးလုပ်ငန်း
- Lot(3) - Hollow နှင့် Truss တိုင်များ - ၁၀၀၀၀ ကျပ်
- Lot(8) - 10 KVA မီးစက်ဝယ်ယူခြင်း - ၂၀၀၀ ကျပ်

၂။ တည်ဆောက်ရေးနှင့်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း
- Lot(3) - ချမ်းမြသာစည်မြို့နယ်၊ တမ္ဘဝတီဝန်ထမ်းအိမ်ရာ(C)ဆောင်၊ RC (၃)ထပ် ပြင်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း - ၁၀၀၀၀ ကျပ်
- Lot(5) - ချမ်းမြသာစည်မြို့နယ်၊ တမ္ဘဝတီဝန်ထမ်းအိမ်ရာ(A,B)ဆောင်၊ RC (၅)ထပ် ပြင်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း - ၁၀၀၀၀ ကျပ်

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း ၀၉-၄၄၂၃၁၂၂၇၃၊ ၀၉-၇၉၈၅၄၄၉၁၅၊ ၀၉-၄၀၂၆၅၇၅၄၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်း ရပ်ကွက်၊ အကွက်အမှတ်(၁၀၁)၊ ဦးပိုင်အမှတ်(၇-င)အတွင်းမှ တောင်မြောက် ပေ၄၀၊ အရှေ့အနောက် ပေ၈၀ အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်သည် ဒေါ်ခင်ဝင်း၊ ဒေါ်ခင်ယုံ ပူးတွဲအမည်ပေါက် ဖြစ်ပါသည်။

အမည်ပေါက်သူ ဒေါ်ခင်ယုံသည် သက်ရှိထင်ရှားရှိပြီး ဒေါ်ခင်ဝင်းသည် ၇-၆-၂၀၂၂ ရက်နေ့က ကွယ်လွန်သွားခဲ့ပြီး ၎င်း၏ ခင်ပွန်း ဦးဘဆန်း(ခ)ဦးအောင်သန်း သည်လည်း ၁၈-၄-၂၀၂၆ရက်နေ့က ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ သားသမီးများဖြစ်ကြသော ၁။ ဒေါ်စန္ဒာ အောင်၊ ၂။ ဦးရဲဝင်းအောင်နှင့် ၃။ ဦးမိုးဆန်းတို့ (၃)ဦး ကျန်ရစ်ခဲ့ပါသည်။

ကျန်ရစ်သူသားသမီး(၃)ဦးနှင့် ပူးတွဲအမည်ပေါက်သူ ဒေါ်ခင်ယုံတို့(၄)ဦးသည် ဖော်ပြပါ မြေကွက်အား ပူးတွဲအမွေဆက်ခံ၍ လက်ရှိပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်တို့အား လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ခင်ယုံ (ပါ-၄)ဦးတို့ထံမှ ကျွန်ုပ်တို့၏ အမှုသည်က အပိုင်ဝယ်ယူရန် သဘောတူညီသဖြင့် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာ သည့်နေ့မှစ၍ ၁၄ ရက်အတွင်း မိမိအထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းတို့နှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

| ဦးစံထွန်း(ဥပဒေဘွဲ့) | ဒေါ်ချစ်အိနိုင်(ဥပဒေဘွဲ့) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| Ph.09-5112345 | 09-402578800 |

'မိုးကုတ်ခြံ' ၁၄လမ်း၊ ၈၇လမ်းနှင့် ၈၈လမ်းကြား၊ မန္တလေးမြို့။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၆)၊ ဦးပိုင်အမှတ် (၁၄၉)၊ ဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးလှမောင် အမည်ဖြင့် ချထားပေးသော မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ဧရိယာ(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (မီး) အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်ရွှေရည်ဝင်းထွဋ်(ဘ)ဦးအစိုင်း (၇/ကဝန(နိုင်)၀၀၁၃၃၃) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ကျော့ကျော့နိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ
ဖုန်း ၀၉-၂၅၆၀၂၆၈၇၆၊ ၀၉-၇၉၈၇၈၃၄၅၇

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်(၁၅)၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ ဒသမ(၀ ဒသမ ၁၁၅)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်မကြီး(ပါ-၃)ဦး အမည်ပေါက် ဘိုးဘပိုင်မြေနှင့် ဦးပိုင်အမှတ်(၁၃) ဧရိယာဒသမ(၀ ဒသမ ၀၂၈)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်မကြီး(ပါ-၃)ဦး အမည်ပေါက် ဂရန်မြေနေထိုင်ခွင့်နှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံ(၂)လုံး၊ လျှပ်စစ်မီတာ(၂)လုံး၊ ရေနှင့်ရေပိုက်ပစ္စည်းအစုံ ဆက်လက်သုံးစွဲခွင့် အပါအဝင် ဝင်းခြံအကာအရံနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူ များဖြစ်ကြသော ဒေါ်ခင်မကြီး(နိုင်ငံသားစိစစ်ရေးကတ်အမှတ်-၅/မရန(နိုင်)၀၃၀၂၄၆)(ဘ)ဦးဘိုကြီး၊ ဒေါ်ခင်မငွေး(နိုင်ငံသားစိစစ်ရေးကတ် အမှတ်-၅/မရန(နိုင်)၀၃၂၅၇၄)(ဘ)ဦးဘိုကြီးနှင့် ဒေါ်ခင်မအေး(နိုင်ငံသားစိစစ်ရေးကတ်အမှတ်-၅/မရန(နိုင်)၀၃၀၂၁၇)(ဘ)ဦးဘိုကြီးတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

| ဒေါ်သစ်သစ်လေး | ဒေါ်အာကာစိန် | ဒေါ်ခင်စိမ်းလန်း | ဒေါ်သီရိထက် |
|---|---|---|---|
| B.A , H.G.P | LL.B,LL.M | LL.B | LL.B |
| 09-2003595 | 09-2005538 | 09-43101686 | 09-43059996 |

ဥပဒေအကျိုးဆောင်ရှေ့နေများ
၂၂လမ်း၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၃)၊ ဦးပိုင်အမှတ်(၅၇+၅၈)၊ ဧရိယာ ဒသမ(၀ ဒသမ ၀၅၅၁+၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်လဲ့ဖြူ အမည်ပေါက် ဂရန်မြေနေထိုင်ခွင့်နှင့် ၎င်း မြေပေါ်ရှိ အဆောက်အအုံ၊ ဝင်းခြံ အကာအရံနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူ ဒေါ်ခင်လဲ့ဖြူ(နိုင်ငံသားစိစစ်ရေး ကတ်အမှတ်-၉/မမန(နိုင်)၀၀၈၁၃၁)(ဘ)ဦးဘဖြူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

| ဒေါ်သစ်သစ်လေး | ဒေါ်အာကာစိန် | ဒေါ်ခင်စိမ်းလန်း | ဒေါ်သီရိထက် |
|---|---|---|---|
| B.A , H.G.P | LL.B,LL.M | LL.B | LL.B |
| 09-2003595 | 09-2005538 | 09-43101686 | 09-43059996 |

ဥပဒေအကျိုးဆောင်ရှေ့နေများ
၂၂လမ်း၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ (ယခင်)ပုသိမ်ကြီးမြို့နယ်၊ (ယခု)ပြည်ကြီးတံခွန်မြို့နယ်၊ (ယခင်)သင်ပန်းကုန်းကျေးရွာ၊ (ယခု) သင်ပန်းကုန်းရပ်ကွက်၊ ကွင်းအမှတ်(၅၃၇)၊ ဦးပိုင်အမှတ်(ခ/၁၇-၁)၊ ဧရိယာ(၁ ဒသမ ၀၃)ဧကအတွင်းမှ အလယ်ခြမ်း၏ မြောက်ဘက်ခြမ်းဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငြိမ်းစိုးအေး(ဘ)ဦးမြင့်အေး(၉/အမဇ(နိုင်)၀၀၆၇၉၅)ကိုင်ဆောင်သူမှ လွှန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အရပ်ကတိ စာချုပ်ဖြင့် အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ ယခုအခါ ယင်းမြေကွက်အတွက် သက်ဆိုင်ရာဌာနများ၌ မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့် ဤကြေညာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးငြိမ်းကျော်ကျော်ဝင်း BA(Psy;),(PGDL)
အထက်တန်းရှေ့နေ
ဖုန်း ၀၉-၄၂၀၇၇၂၄၈၆၊ ၀၉-၇၉၇၃၃၁၁၆၅

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ (ယခင်)ပုသိမ်ကြီးမြို့နယ်၊ (ယခု)ပြည်ကြီးတံခွန်မြို့နယ်၊ (ယခင်)သင်ပန်းကုန်းကျေးရွာ၊ (ယခု) သင်ပန်းကုန်းရပ်ကွက်၊ ကွင်းအမှတ်(၅၃၇)၊ ဦးပိုင်အမှတ်(ခ/၁၇-၁)၊ ဧရိယာ(၁ ဒသမ ၀၃)ဧကအတွင်းမှ အလယ်ခြမ်း၏ တောင်ဘက်ခြမ်းဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နေခြည်သက်ဆူး(ဘ)ဦးသက်ထွန်းဦး(၇/ပခန(နိုင်)၂၆၆၄၂၄)ကိုင်ဆောင်သူမှ လွှန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အရပ်ကတိစာချုပ်ဖြင့် အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ ယခုအခါ ယင်းမြေကွက်အတွက် သက်ဆိုင်ရာ ဌာနများ၌ မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးငြိမ်းကျော်ကျော်ဝင်း BA(Psy;),(PGDL)
အထက်တန်းရှေ့နေ
ဖုန်း ၀၉-၄၂၀၇၇၂၄၈၆၊ ၀၉-၇၉၇၃၃၁၁၆၅

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(နန-၂၀)၊ ဦးပိုင်အမှတ်(၇၃)၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၁၃၂လမ်းနှင့် ၁၃၃လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၁၆၀၄/၁၉၉၀-၁၉၉၁) အရ ဦးသောင်း မှတ်ပုံတင်အမှတ်(DI-၀၄၈၆၁၈) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးခင်မောင်မြင့်(၉/မရမ(နိုင်)၀၁၀၁၄၈)၊ ဒေါ်ခင်မမအေး(၉/မရမ(နိုင်)၀၁၀၁၄၉)၊ ဦးခင်မောင်စိန်(၉/မရမ(နိုင်)၀၁၀၁၅၀)၊ ဒေါ်ခင်လှထွေး(၉/မရမ(နိုင်)၀၈၂၉၆၀)တို့မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

# ဒေါ်ဝေမွန်ဖြိုးနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အိမ်အမှတ်(ဆ-၂/၁၄၈)နေ **ဦးစင်မင်းထိုက် (၅/တဆန(နိုင်)၁၄၅၁၂၆)** ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစင်မင်းထိုက်(၅/တဆန(နိုင်)၁၄၅၁၂၆)**နှင့် **ဒေါ်ဝေမွန်ဖြိုး(၉/ မမန(နိုင်)၀၄၄၁၆၉)**တို့သည် (၂၂-၁၂-၂၀၁၉)ရက်နေ့မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းပြီး သမီး(၁)ဦး မွေးဖွားခဲ့ပါသည်။ **ဦးစင်မင်းထိုက်**နှင့် **ဒေါ်ဝေမွန်ဖြိုး**တို့သည် (၂၅-၁၂-၂၀၂၅)ရက်နေ့တွင် လင်မယား စကားများရန်ဖြစ်ပြီး ဇနီးဖြစ်သူ **ဒေါ်ဝေမွန်ဖြိုး**မှာ ကျွန်တော်၏ နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ ကျွန်တော်၏ ဇနီးဖြစ်သူ **ဒေါ်ဝေမွန်ဖြိုး**မှာ အိမ်ပေါ်မှဆင်းသွားစဉ် ကျွန်တော်နှင့် **ဒေါ်ဝေမွန်ဖြိုး**တို့၏ လက်ထက်ပွားပစ္စည်းများဖြစ်ကြသော **TOYOTA MARK II** အဖြူရောင်ကားနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများ **HONDA CLICK** နက်လီမွှော် ဆိုင်ကယ်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ **ဦးစင်မင်းထိုက်**နှင့် **ဒေါ်ဝေမွန်ဖြိုး**တို့၏ အမည်ဖြင့် ဝယ်ယူထားသော အိမ်ပိုင်း၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများအား ယူဆောင်၍ ကျွန်တော်၏ နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ ယနေ့အချိန်ထိ ကျွန်တော်နှင့် **ဒေါ်ဝေမွန်ဖြိုး**တို့မှာ တရားဝင် ကွာရှင်းပြတ်စဲခြင်း လုံးဝမရှိခဲ့ပါ။ ထို့ကြောင့် အထက်ပါပစ္စည်းများအား ကျွန်တော်၏ သဘောတူခွင့်ပြုချက်မရှိဘဲ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း **ဒေါ်ဝေမွန်ဖြိုး**နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစင်မင်းထိုက်(၅/တဆန(နိုင်)၁၄၅၁၂၆)**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၆)၊ ဦးပိုင်အမှတ်(၂၁)၊ မြေဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးအုန်းမောင် အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်၏ (မြောက်ဘက်ခြမ်း)၊ အရှေ့အနောက် ပေ(၆၀)၊ တောင်မြောက် ပေ(၂၀) အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အေးမိမြင့်(ဘ)ဦးဝင်းမြင့်(၉/မတရ(နိုင်)၁၉၈၅၁၆) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန–၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၁၁၈၅၆၁**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၄)၊ ဦးပိုင်အမှတ်(၂၈-ခ)၊ (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်သည် ဦးအေးမောင် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော (၁)ဒေါ်ဖြူဖြူဝင်း(ဘ)ဦးလှထူး(၉/အမဇ(နိုင်)၁၂၄၃၀၁)၊ (၂)ဒေါ်သီဂီဝင်း(ဘ)ဦးလှထူး(၈/မကန(နိုင်)၁၇၆၃၃၅)၊ (၃)ဒေါ်မေပုလဲ(ဘ)ဦးလှထူး(၉/ဝတန(နိုင်)၁၇၀၄၉၉)၊ (၄)ဦးအောင်ကျော်(ခ)ဦးစိုးမြင့်(ဘ)ဦးအေးမောင်(WMDY-၀၁၆၇၁၀)၊ (၅)ဒေါ်ခင်ဝင်းနွယ်(ဘ)ဦးအေးမောင်(၉/မနတ(နိုင်)၀၅၈၂၀၀)၊ (၆)ဒေါ်တင်ငွေ(ခ)ဒေါ်ခင်အုန်းမြင့်(ဘ)ဦးအေးမောင်(၉/မနတ(နိုင်)၀၅၇၃၁၉)ကိုင်ဆောင်သူနှင့် (၇)ဒေါ်ရွှေရွှေဝင်း(ခ)ဒေါ်ခင်ငွေးရီ(ဘ)ဦးအေးမောင်(၉/မနတ(နိုင်)၀၆၂၁၅၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန–၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၁၁၈၅၆၁**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာတိုးချဲ့ကွက်သစ်၊ အကွက်အမှတ်(စ/၃၂၂)၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်ကို ဦးအေး အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (အရှေ့ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့အနောက် ပေ(၂၀)၊ တောင်မြောက် ပေ(၄၀) အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အေးအေးနိုင်(ဘ)ဦးထင်အေး(၉/သစန(နိုင်)၁၄၂၂၅၆) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန–၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၁၁၈၅၆၁**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၅)၊ ဦးပိုင်နံပါတ်(၃၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ဥမ္မာအောင်(ဘ)ဦးဝင်းမောင်(၇/ရတန(နိုင်)၀၅၁၀၃၄) အမည်ပေါက် ပိုင်ဆိုင်ခဲ့သည့် ဂရန်မြေကွက်ဖြစ်ပါသည်။ အထက်ပါ မြေကွက်အတွက် လိုအပ်သည့် ရုံးကိစ္စများ ဆောင်ရွက်ရန် ဒေါ်ဥမ္မာအောင်မှ ဒေါ်တော်လေးမ(ခ)ဒေါ်မီးမီးသိမ့်(ဘ)ဦးဘအေး(၁/ဆပဘ(နိုင်) ၀၀၁၈၂၇)သို့ (၁၅-၃-၂၀၁၃)နေ့က မန္တလေးမြို့၊ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၊ မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၆၀/၂၀၁၃)အား လွှဲအပ်ခဲ့ပါသည်။

ယခုအခါ အထက်ပါ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာဖြင့် ဆောင်ရွက်ရန်လုပ်ငန်းများ ပြီးဆုံးသွားပါသဖြင့် သက်ဆိုင်ရာရုံးတွင် ဒေါ်ဥမ္မာအောင်မှ တရားဝင် ပြန်လည်ဖျက်သိမ်းမည်ဖြစ်ရာ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၆၀/၂၀၁၃)အား ပြန်လည်ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ သက်ဆိုင်ရာရုံးဌာနများသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အထူးကိုယ်စားလှယ်လွှဲစာအား တရားဝင် ပြန်လည်ဖျက်သိမ်းမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၉)၊ ဦးပိုင်နံပါတ်(၁၁၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဦးတင်မြင့်(ခ)ဦးစောခင်လင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဖြိုးဝေ(ဘ)ဦးပို(၅/ဝလန(နိုင်)၁၆၉၈၆၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၉)၊ ဦးပိုင်နံပါတ်(၈၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်မြင့်မြင့်သန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဆန်းလွင်(ဘ)ဦးမြင့်လွင်(၉/မဟမ(နိုင်)၀၄၁၆၇၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဦးဖြိုးသာခန့် (LL.B)** **ဦးစည်သူအောင် (LL.B)** **ဒေါ်သဲမို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

# အကွက်အမှတ်(ဂ၂၉)၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ(၀ ဒသမ ၀၁၂၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(ဂ၂၉)၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ(၀ ဒသမ ၀၁၂၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ 'ဒေါ်စောကြွယ်(ဘ)ဦးသာမြိုင်'(၉/မရတ(နိုင်)၁၀၆၀၄၄) ကိုင်ဆောင်သူအမည်ပေါက် (ဂရန်)မြေကွက်ဖြစ်ပါသည်။ ဂရန် မြေကွက်အမည်ပေါက်သူ 'ဒေါ်စောကြွယ်'မှ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း ရောင်းချလိုကြောင်း ပြောဆိုဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက် ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၀၄၆၉၁၈၈**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။


# ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၅၉ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ






မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၅၉ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြပုံ။

**နေပြည်တော် ဇွန် ၂၂**

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆက်မပြတ်အချိန်အဟုန်မြှင့်တင်ပြတ်ပြတ်သားသား နှိမ်နင်းတိုက်ဖျက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်း နှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ ခန့်တွင် ရှမ်းပြည်နယ်တွင်(မြောက်ပိုင်း)မူဆယ်မြို့ တော်ရှက်ရပ်ကွက်ရှိနေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသားအမျိုးသား နှစ်ဦးနှင့် မြန်မာနိုင်ငံသားအမျိုးသား ၄၇ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၅၉ ဦးတို့ အား ဖုန်းမျိုးစုံ အလုံး ၂၀၀၊ All in One ကွန်ပျူတာ ၁၀ လုံး၊ Laptop ငါးလုံး၊ ဆိုင်ကယ်မျိုးစုံ ၁၀ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သည့် မြန်မာနိုင်ငံသား အမျိုးသား ၄၇ ဦးကို တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သည့် မြန်မာနိုင်ငံသား အမျိုးသမီး ၁၀ ဦးကို တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံနှင့် လုပ်ငန်းလုပ်ကိုင်သည့်အခန်းကို တွေ့ရစဉ်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြဝတီအမျိုးသမီးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ယူပြီး ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်း နှစ်ပွဲဆက် အနိုင်ရရှိ

**ရန်ကုန် ဇွန် ၂၂**

ယနေ့ညနေက သုဝဏ္ဏကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့သည့် မြဝတီအမျိုးသမီးအသင်းနှင့် ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းက နှစ်ဂိုး၊ တစ်ဂိုးဖြင့် မြဝတီအသင်းကို အနိုင်ရရှိခဲ့သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဂိုးမရှိ သရေရလဒ်နှင့်ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးဂိုးရရှိရေးအတွက် ကစားခဲ့ပြီး မြဝတီအမျိုးသမီးအသင်းက ပြစ်ဒဏ်ဘောရရှိခဲ့ကာ သီဂီထွေးက သွင်းယူခဲ့သည်။ ထို့နောက် ရန်ကုန်အသင်း ချေပဂိုးရရှိရေးအတွက် ပြန်လည်ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၈၅ မိနစ် နှင့် ၈၆ မိနစ်တို့တွင် ဇင်မိုးပြည့်နှင့် စုစုကြည်တို့က ဂိုးသွင်းယူပေးခဲ့ကာ ပွဲပြီးဆုံးချိန်တွင် ရန်ကုန်အမျိုးသမီးအသင်းက မြဝတီအမျိုးသမီး အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းသည် ပွဲစဉ် ၂ ပွဲကစား၊ ၂ ပွဲနိုင်၊ ရမှတ် ၆ မှတ်နှင့် ဒုတိယနေရာတွင်ရပ်တည်နေပြီး လာမည့် ဇွန် ၂၉ ရက်နေ့တွင် သစ္စာအားမာန်အမျိုးသမီးအသင်းနှင့် YUSC ကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

(NGB)

## ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် မက်ဆီ မှတ်တမ်းဝင်

**လန်ဒန် ဇွန် ၂၂**

အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီ(သွင်းဂိုး ၁၈ဂိုး)သည် ဂျာမနီဂန္ထဝင်ကစားသမား ကလိုဆေး(၁၆ဂိုး)စံချိန်အား ကျော်ဖြတ်ကာ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းက ဩစတြီးယားအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး မက်ဆီသည် ကမ္ဘာ့ဖလားပြိုင်ပွဲကို (၆)ကြိမ်ထိ ပါဝင်ကစားနိုင်သည့် ပထမဆုံးကစားသမားအဖြစ်လည်း စံချိန်မှတ်တမ်းများ ပိုင်ဆိုင်ထားခဲ့သည်။

အသက်(၃၈)နှစ်အရွယ်ရှိ မက်ဆီက "ကျွန်တော်အခုလို ဂိုးသွင်းအများဆုံးကစားသမားအဖြစ် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော် အခုလို မှတ်တမ်းတွေ ပိုင်ဆိုင်တာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ ကမ္ဘာ့ဖလား ချန်ပီယံဆုကြီး ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(NGB)

